ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ စနေနေ့။ Saturday, 30 April 2022 ၁၀၇၂၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကို သတိပြုရမည်

**နေပြည်တော် ဧပြီ ၂၉**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းစဉ်။

**ယနေ့ ဖတ်စရာ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ္မတူမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး

စာမျက်နှာ » ၅

ဘဝရာသီ

ဆောင်းပါး စာမျက်နှာ » ၆

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I သင်တန်းများ စတင်ဖွင့်လှစ်မည့် ကြေညာချက်

စာမျက်နှာ » ၈

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၉

လေ့လာစရာ အင်္ဂလိပ်စာ

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# နိုင်ငံစီးပွားတိုးတက်ရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်

နိုင်ငံတစ်နိုင်ငံတွင် ကုန်စည်စီးဆင်းမှု စနစ်တကျ ခိုင်မာအားကောင်းပါမှ ထိုနိုင်ငံနှင့်နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ကုန်စည်စီးဆင်းမှု မှန်ကန်ချောမွေ့စေရေးအတွက် ခိုင်မာအားကောင်းသည့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများဖြင့် အကောက်အထည်ဖော်ဆောင်ရွက်ပြီး တရားမဝင်ကုန်သွယ်မှုများမရှိစေရန် ထိထိရောက်ရောက် တိုက်ဖျက်သွားရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ကြသဖြင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု တိုးတက်လာသည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမှုမှာ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလစာဖမ်းဆီးရမိမှုမှာ တန်ဖိုးငွေကျပ် ၁၂ ဒသမ ၉၀၄ ဘီလီယံရှိသဖြင့် ယခုနှစ်တွင် ဖမ်းဆီးရမိမှုများ သိသာစွာတိုးတက်နေသည်ကို တွေ့ရသည်။

တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက "ဖမ်းဆီးရမိမှု တိုးတက်လာခြင်းကို ကျေနပ်မနေဘဲ နိုင်ငံတော်နှင့် စီးပွားရေးမဏ္ဍိုင်ကို ထိုးနှက်မှုရှိနေသော တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို တိုက်ဖျက်ရာတွင် ကန့်သတ်ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ကုန်ပစ္စည်းများအပြင် ပေါက်ကွဲစေတတ်သော ကန့်သတ်ပစ္စည်းများသာမက ဓာတုကုန်ကြမ်းပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များကိုပါ ဖမ်းဆီးရမိနေသည်ကို တွေ့ရသည်။ ယခုအခါ တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် တိုက်ဖျက်လာသောကြောင့် ယခင်က တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုမရှိခဲ့သည့် ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတွင်ပါ ဖမ်းဆီးရမိမှုများ ရှိလာသည်ကို တွေ့ရသည်။

ယခင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို နယ်စပ်ဒေသများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ကုန်းတွင်းပိုင်းတွင် ပုံမှန်ဖမ်းဆီးမှုများရှိခဲ့သော်လည်း ကမ်းရိုးတန်းဒေသများ၌ ဖမ်းဆီးရမိမှုအားနည်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို စဉ်ဆက်မပြတ် တိုက်ဖျက်နေသော်လည်း ဖမ်းဆီးရမိမှုများ ဆက်လက်တိုးတက်များပြားနေသည်ကို တွေ့ရသည်။ တရားမဝင်ကုန်သွယ်မှုသည် မရိုးမသားဆောင်ရွက်သူများ၊ ဝိသမလောဘသားများက ဥပဒေပြင်ပမှနေ၍ ၎င်းတို့အကျိုးစီးပွားအတွက် ကြံစည်ကြိုးပမ်းလုပ်ကိုင်နေခြင်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်းကြောင့် နိုင်ငံတော်အတွက် အကျိုးဖြစ်စေသော်လည်း တရားမဝင်လုပ်ကိုင်သူများအတွက် ထိခိုက်မှုများရှိလာသည်။ ထိုအခါ နိုင်ငံတော်အတွက် ဆောင်ရွက်နေသူများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်အောင် နည်းမျိုးစုံသုံး ကြိုးပမ်းနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် စီးပွားရေးကို လုပ်ကိုင်ဆောင်ရွက်ရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အတိတ်တစ်ချိန်က တံခါးပိတ်စနစ်ကျင့်သုံးခဲ့သဖြင့် တရားမဝင်မှောင်ခိုလမ်းကြောင်းကို အသုံးပြုခြင်းရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် လွတ်လပ်စွာ ကုန်သွယ်ကူးသန်းနိုင်ပြီဖြစ်သောကြောင့် တရားဝင်ကုန်သွယ်မှုကိုသာ ပြုလုပ်ကြရမည်ဖြစ်သည်။ သို့သော် တရားမဝင်ကုန်သွယ်မှုများ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ အမျိုးမျိုးအဖုံဖုံ ကြုံတွေ့နေပေသည်။

အထူးသဖြင့် ဖမ်းဆီးရမိကုန်ပစ္စည်းများတွင် ကန့်သတ်ထားသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်းများပါ သယ်ဆောင်လာကြသဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်စေသကဲ့သို့ အခြားနိုင်ငံများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ရောက်ရှိသွားမည်ဆိုပါက နိုင်ငံ၏ဂုဏ်သိက္ခာကိုပါ ထိခိုက်နစ်နာမည်ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို ထိထိရောက်ရောက်တိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုသည် မသမာသူတို့၏ အကျိုးစီးပွားသက်သက်အတွက် လုပ်ကိုင်ကြခြင်းဖြစ်ပြီး တရားမဝင်လုပ်ကိုင်မှုကြောင့် နိုင်ငံတော်နှင့် တိုင်းပြည်၏စီးပွားရေးမဏ္ဍိုင်ကို ထိခိုက်နစ်နာမှုကြီးမားစွာဖြစ်ပေါ်နိုင်သဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက ပြည်သူများနှင့်ပူးပေါင်းပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဧပြီ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိနိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရပ်တော်မူကျောင်းတိုက်နှင့် ဟိုပန်မြို့နယ်ရှိ သာသနာ့ရောင်ခြည် (မြို့မ) ကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ စမ်းမေတ္တာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဗဟန်းမြို့နယ်၌ နွေရာသီပညာဒါန အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၉**

နွေရာသီပညာဒါန အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ သင်တန်းဆရာ အိုင်ကားဂျာနယ် အယ်ဒီတာချုပ်စာရေးဆရာ ဝင်းနွယ်(ပုသိမ်)က ပန်းချီပညာအကြောင်းနှင့် သင်တန်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

သင်တန်းကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ တစ်နာရီအထိ နှစ်ပတ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၆၀၀ | ၉၀ | ၆၈၄,၆၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၇၀၇ | ၁,၉၀၈,၉၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၁၁ | ၂၈၈,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀၇ | ၂၈၃,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၂၉**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၅.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၀၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၂၂၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၀.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၀.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရန် ၁၄ ရက်သာ လိုတော့သည့်အတွက် အားကစားသမား မောင်၊ မယ်အားလုံးသည် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုစသည့်အချက်များ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ အားကစားအဖွဲ့များက အဆိုပြုသည့်အတိုင်း သတ်မှတ်စံချိန်များအတွင်း ကိုက်ညီသည့် အားကစားသမားများ၊ အစဉ်အလာရှိသည့် အားကစားများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါကြောင်း၊ သွားလာရေးကအစ အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးထားပါကြောင်း။

**ရွှေတံဆိပ်များ ပိုမိုရရှိအောင်စွမ်းဆောင်**

နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစားမောင်၊ မယ်တို့၏ ဇွဲ၊ သတ္တိအပြည့်နှင့် ပွဲမဝင်ခင်အပြင်ကကျင်းပ ဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ခံစားခဲ့ရပြီး ဖြစ်သည့်အတွက် မိမိတို့၏အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်မှာကြားလိုကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည် ဖြစ်ပါကြောင်း၊ အမိနိုင်ငံ၏အလံတော် လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်သဖြင့် အားသွန်ခွန်စိုက် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြိုင်ပွဲတွင် အောင်နိုင်ရေးအတွက် ယှဉ်ပြိုင်ခြင်းသည် ပြိုင်ပွဲများအတွက် နောက်ဆုံးအဆင့်ဖြစ်သည်ကို သတိပြုစေလိုကြောင်း။

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်**

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း အသက်(၆၀) ပြည့်မြောက်သည့်အချိန်မှစပြီး သက်ရှိထင်ရှားရှိသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိသကဲ့သို့ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးခုနှင့်အထက် ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အနက်မှ ၂၄ ဦးကို လူမှုထူးချွန် ပထမအဆင့် ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ခွင့်ပြုသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်လည်း နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်၊ မယ်များအနေဖြင့်လည်း အလားတူ အခွင့်အရေးများ ရရှိကြလာမည်ဖြစ်ကြောင်း။

ထို့အပြင် ယခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ၏ကိုယ်စား သွားရောက်ယှဉ်ပြိုင်မည့် အားကစား မောင်၊ မယ်တို့ကိုလည်း ကြိုးစားမှုရလဒ်များ အပေါ်မူတည်ပြီး နိုင်ငံတော်အနေဖြင့် ဆုရအားကစားသမားများအတွက် ရွှေတစ်ဦးချင်း ငွေကျပ် သိန်း ၃၀၀၊ ငွေတစ်ဦးချင်း ငွေကျပ် သိန်း ၂၀၀၊ ကြေးတစ်ဦးချင်း ငွေကျပ် သိန်း ၁၀၀၊ ရွှေအသင်းလိုက် တစ်ဦးချင်းငွေကျပ် သိန်း ၁၀၀၊ ငွေအသင်းလိုက် တစ်ဦးချင်း ငွေကျပ် သိန်း ၇၀၊ ကြေးအသင်းလိုက် တစ်ဦးချင်း ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ် သိန်း ၅၀၊

**စာမျက်နှာ ၄ သို့** »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

❖ **နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစား မောင်၊ မယ်တို့၏ ဇွဲ၊ သတ္တိအပြည့်နှင့် ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ ခံစားခဲ့ရပြီးဖြစ်သည့်အတွက် မိမိတို့၏အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်**

❖ **သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်ကပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

ကြေးတံဆိပ်ဆုရ အားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် သိန်း ၅၀၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

### အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်

ထို့ကြောင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အောင်လံ တလူလူလွင့်ပျံနေရစေရေး ရေကုန်ရေခမ်း အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်သည့်အတွက် မြန်မာ့အားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် အဖွဲ့ချုပ်များအပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရမည်ဖြစ်ကြောင်း၊ အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်း မောင်၊ မယ်တို့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် အလေးအနက် တိုက်တွန်းမှာကြားသည်။

### အောင်နိုင်ရေးအလံ အပ်နှင်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင်အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမား ၂၈၃ ဦးသည် အားကစားနည်း ၂၀ ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

- ❖ **(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အောင်လံ တလူလူလွင့်ပျံနေရစေရေး ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလို**
- ❖ **ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်သည့်အတွက် မြန်မာ့အားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်း**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)ကျင်းပ

**နေပြည်တော် မေ ၂၉**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခင်အပတ် အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးမျိုးလှိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသော အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသော အမှာစာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် သို့မဟုတ် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်တို့ကို အတည်ပြုသည်။



ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်တို့က ကော်မတီ၏ (၄/၂၀၂၂) အစည်းအဝေးတွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ္မတူမြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားစီမံရေးဦးစီးဌာနနှင့် Natural Current Energy Hydropower Co., Ltd. တို့အကြား ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နမ္မတူမြစ်ပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ Natural Current Energy Hydropower Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများ စသည်တို့ကို သန့်ရှင်းသောစွမ်းအင်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်တည်ရှိ၍ စက်တပ်ဆင်အင်အား ၂၁၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင်ဓာတ်အားယူနစ်ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဓာတ်အားပို့လွှတ်ရေးလိုင်းများမှတစ်ဆင့် ဓာတ်အားသုံးစွဲသူများထံ ပို့ဆောင်ပေးမည်ဖြစ်သဖြင့် အိမ်ထောင်စုများစွာကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ National Electrification Plan အရ နိုင်ငံအတွက် ဓာတ်အားလုံလောက်စွာထုတ်လုပ်မှုကို အထောက်အကူရရှိစေမည့်အပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် Natural Current Energy Hydropower Co., Ltd. အနေဖြင့် စီမံကိန်းကို သတ်မှတ်အချိန်ကာလအတိုင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကိုလည်း မြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်းနှင့် ကုမ္ပဏီများအနေဖြင့် ဒေသခံများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် Natural Current Energy Hydropower Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းထွန်းဦးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်နှင့် Natural Current Energy Hydropower Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းထွန်းဦးတို့က နမ္မတူ (သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော နမ္မတူ(သီပေါ) ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်အတွင်းရှိ နမ္မတူမြစ်ပေါ်၌ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး စက်တပ်ဆင်အင်အား ၂၁၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ဓာတ်အားယူနစ်ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀၆ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြုစီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် လူငယ်နှင့်မူးယစ်ဆေး စာစီစာကုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ဗဟန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေက အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ လူငယ်နှင့်မူးယစ်ဆေး စာစီစာကုံးပြိုင်ပွဲနှင့်ပတ်သက်သည့် သိကောင်းစရာအသိပညာများကို ပြောကြားသည်။

ဆက်လက်၍ ဆုရရှိသောကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘဝရာသီ

ရွှေချိုးဖြူ

**ယဉ်ပါလေ၊ မရိုင်းစေရ**

ဆယ်နှစ်ဆိုတာ ဘာမျှမကြာလိုက်ဘူးလိုလို ထင်ရပေမယ့် ပြန်တွေးကြည့်တော့ တချို့အရာတွေက အစရှာမရအောင် မေ့တောင်နေပြီကော။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၁၁ နှစ်ဆီက ဝတ္ထုတိုတစ်ပုဒ်ထဲမှာ ဖတ်လိုက်မိတဲ့ စာတစ်ကြောင်းကိုတော့ အခုအချိန်အထိ မှတ်မိနေသေးတာအံ့သြစရာပဲ။

ဘာတဲ့လဲ။

**"ဖြစ်ချင်တာတွေ ဖြစ်ပလေ့စေ၊ ရာသီတော့ မမှားစေနဲ့"** တဲ့။ အဝေးပြန် ငှက်တစ်ကောင်က ပြောသွားတာတဲ့။ ပဟေဠိဆန်ပေမယ့် ဘဝရာသီဆိုတာက ကိုယ်လက်သီး လက်မောင်းတန်းပြီး ပြောင်းရင်ရမယ်လို့ထင်တော့ စိတ်ကူးယဉ်လွန်းတာပဲဖြစ်မယ်။ လွဲခဲ့ပြီ။

စိတ်ကူးယဉ်ချင်ယဉ်ပါစေ။ "ယဉ်ပါလေ– စိတ်ကူးမရိုင်းဖို့သာ အရေးကြီးတယ်" လို့ ဆရာကြီး ရွှေဥဒေါင်း တစ်ခါက ပြောခဲ့ဖူးတယ်။ ထိုခေတ်ကာလဆီက သူပုန်ထ၊ လူသတ်၊ မီးရှို့လုပ်ကြတဲ့ လူတစ်စုကို ဆိုလိုလေသလားတော့မသိ။ လူကြီးသူမစကားဆိုတာ တန်ဖိုးရှိလှတယ်။

အခုခေတ်လူငယ်တွေကတော့ အရိပ်ပြရင်အကောင်ထင်ပါတယ်။ အသွေးမြင်ရင် အသွင်သိတယ်။ အပွေးမြင်တာနဲ့ အပင်သိတယ်။ ကောင်းမွန်တဲ့၊ လှပခမ်းနားတဲ့ အနာဂတ်ကို သူတို့တည်ဆောက်နိုင်ကြဖို့ရာ လူငယ်တွေမှာ စွမ်းအားစွမ်းရည် အပြည့်အဝရှိနေကြတယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

သမိုင်းကိုမသိလို့ မျက်စိလည်ပြီး အင်းစိန်ထဲ ဘယ်လိုရောက်သွားမိမှန်းယောင်လည်လည် ရောက်ခဲ့သူ သုံးလေးငါးယောက်တော့ ရှိကောင်းရှိပေမှာပေါ့။

**လှိုင်းသဘာဝ**

ကိုယ့်ဘဝကို မပြောင်းလဲဘဲ ပိုမိုကောင်းမွန်သာယာတဲ့ အခြေအနေကို မရောက်နိုင်ဘူး။ ဘဝတစ်ခုဟာ လူတိုင်းအတွက် ကြီးမားတဲ့စိန်ခေါ်ခြင်းပါ။ ကိုယ်ကိုယ်တိုင်က ပြောင်းလဲရမှာ လောကဓမ္မတာ။ ဘဝဆိုတာ ရာသီစက်ဝန်းနဲ့ ရွေ့လျားနေတာဖြစ်ပါတယ်။ Personal Develop ကို စက်ဝန်းတစ်ခုပြီးတစ်ခု ဖြတ်သန်းရမယ်။ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ တိုးတက်မှုဆိုတာတွေဟာ ရာသီစက်ဝန်းအရ ရင်ဆိုင်ဖြတ်သန်းရင်း ရယူရတဲ့အရာမျိုးတွေပဲ။ အမြင့်အနိမ့်လှိုင်းရှိတာကို သဘောပေါက်ရပါမယ်။

အပူအအေး၊ အလင်းအမှောင်၊ အစိုအခြောက်၊ အတက်အကျ၊ အကောင်းအဆိုးတွေဟာ တစ်လှည့်စီလည်း ကြုံဆုံနေတတ်တယ်။ အတူတကွ အကောင်းရော၊ အဆိုးရော တွဲပြီးတွေ့ရတာလည်း ရှိမှာပဲ။ ကံဆိုးရင် တစ်ခုပြီးတစ်ခု။ "ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ" ဆိုတာ ဖြစ်လေ့ရှိရဲ့။ **"Misfortune never comes alone"** တဲ့။ အဖော်တွေတသီကြီး ခေါ်လာတတ်တာက ဘာကြောင့်လဲ။ အဲဒီ ဆိုးတဲ့ကံကို မှန်မှန်ကန်ကန် တုံ့ပြန်မကိုင်တွယ်တတ်လို့ နောက်ဆက်တွဲ အဆိုးကံတွေ ထပ်ကာထပ်ကာတွေ့ရခြင်းပဲ။ ကံဆိုးရင် သတိထား။ ကောင်းမှုအမြန်လုပ်။ ကောင်းမှုလုပ်၊ ဖြစ်အောင်လုပ်။ အဆိုးဘက်က ရပ်တန့်ပြီး ကောင်းတဲ့ဘက် ပြန်ပြောင်းလဲသွားလိမ့်မယ်။

အချိန်ကာလရွေ့လျားနေတာမှာ နေ့နဲ့ညဆိုတာ ရှောင်လွှဲလို့မရ။ တစ်လှည့်စီ ဖြတ်သန်းနေကြရတာနော်။ နေ့မှာနေ့အလုပ်လုပ်။ ညမှာ ညအလုပ် လုပ်စရာရှိတာလုပ်။ ဇာတ်သဘင်သမားဆိုရင် ညမှာ ကပြပေါ့။ ကြည့်ရမှာဆိုကြည့်။ အိပ်ရမှာဆိုအိပ်။ ကိုယ့်အလုပ်ကိုယ်လုပ်။ ညအခြေအနေကို သိရမယ်။ နေ့ရဲ့အခွင့်အရေးတွေကို မြော်တွေး။

ညအိပ်ရာဝင်ရင် မနက်ဖြန်မနက် ဘာလုပ်မလဲဆိုတာလေးတော့ ကြိုစဉ်းစား။ ဘုရားရှိခိုး။ ဝတ်ပြုပြီးတာနဲ့ စဉ်းစား။ ကြိုတင်စဉ်းစားထားတဲ့ မနက်ဖြန်တွေဟာ သာယာလှပတယ်။ ချောချောမောမော အဆင်ပြေပြေ ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ကြတာတွေ့ရမယ်။ ကြိုတင်မြော်မြင်တွေးဆပါ။

မနက်ဖြန်ဘာလုပ်မလဲ။ ဘာပြီးရမလဲ။ လုံးဝမတွေးတော့ဘဲ အိပ်ရာဝင်တဲ့လူဟာ နောက်နေ့မနက် မိုးလင်းတာနဲ့ အိုးနင်းခွက်နင်းတွေဖြစ်ဖို့သာပြင်။ ဖုန်းလာတယ်၊ သတင်းရောက်လာတယ်၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အခြေအနေရဲ့ ထိုးနှက်ဖိစီးမှုကို ခံရတတ်တယ်။ ဒုက္ခပါပဲ။

မနက်ဖြန်တွေလှပအောင် ဘာလုပ်ရမလဲ။ ဘာဖြစ်ချင်တာလဲ။ တစ်ညကြိုပြီး စဉ်းစားတွက်ချက်ထားပါ၊ ပြင်သင့်တာ ပြင်ဆင်ထားပါ။ ဒါဆို အငိုက်မမိတော့ဘူး။ အိုကေ။

**"Learn to work harder.**

**Learn to work smarter."**

ဘဝခရီးဆိုတာ အချိန်အမျှင်တန်းနေတဲ့ လမ်းကြောင်းကြီးပဲ မဟုတ်လား။ နေ့နဲ့ညနဲ့ တစ်လှည့်စီတွေ့ရမယ်။ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ်။ (ဥရောပမှာတော့) ဆောင်းဦးပေါက်ရယ်။ မတူတဲ့ ရာသီဥတုတွေ တွေ့ရမယ်နော်။

**ဥတုနိယာမ**

အချိန်ကို မိမိက တိုချင်လို့လည်းမရ၊ ရှည်ချင်လို့လည်းမရ။

အချိန်ကို ရပ်ချင်လို့လည်းမရ၊ ဆွဲထားချင်လို့လည်းမရ။

ပူချိန်မှာ ပူမယ်၊ မိုးရွာချိန်မှာ မိုးရွာမယ်။ အေးချိန်မှာ အေးမယ်။ ကိုယ်ကဘာမျှ ဆန္ဒရှိလို့လည်းမရ၊ ပြုပြင်ချင်လို့မရ။

ဒီတော့ ရာသီဥတုကို ကိုယ်ကိုင်တွယ်ပြောင်းလဲချင်လို့မရတာ သိထားပြီပဲ။ ကိုယ့်ဘက်ကသာ ရာသီဥတုအခြေအနေနဲ့ အဆင်ပြေအောင်၊ ဆီလျော်အောင် ပြောင်းလဲရုံပါ။ အဲဒီလိုဘဝကို ရှင်သန်တိုးတက်အောင် စဉ်းစားနိုင်တာကို ဉာဏ်ရည်လို့ခေါ်ပါတယ်။ အခြေအနေ အပါးအထူ၊ အပူအအေးနဲ့ ဆီလျော်အောင် ညှိမယူတတ်ဘဲ ခေါင်းမာတာ၊ စိတ်ထင်ရာပဲ စွဲစွဲမြဲမြဲ စွတ်ရွတ်လုပ်တတ်တာကိုတော့ ဉာဏ်နည်းတယ်လို့ပဲ ပြောရမှာပဲ။ စွဲမိစွဲရာ စွဲကပ်နေတာဟာ ဉာဏ်နုတဲ့ သဘောလက္ခဏာပါ။ အခြေအနေ၊ ရာသီဥတု၊ မိုးလေဝသအရ ပြုမူပြောဆို၊ နေထိုင်၊ လုပ်ကိုင်တတ်သူများသာလျှင် ရှင်သန်တယ်၊ အောင်မြင်တယ်၊ ဉာဏ်ပညာကို ဆည်းပူးပါ။

**ဉာဏ်အဓိက**

ပိုမိုကောင်းမွန်တဲ့ အခြေအနေ အဆင့်အတန်းကို ရောက်ဖို့ဆိုတာ ကောင်းမွန်တဲ့ကြိုးပမ်းမှု၊ ကောင်းမွန်တဲ့ဆင်ခြင်တုံတရားနဲ့၊ ထက်သန်တဲ့ လုံ့လ၊ အားထုတ်အားစိုက်မှုရှိရမှာပေါ့။ အဲဒါကို ရှေးရှေးလူကြီးမိဘတွေက ကံ၊ ဉာဏ်၊ ဝီရိယလို့ ပြောခဲ့ကြတာပါပဲ။

ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်။ အဓိကကျတယ်။

သုံးလွန်းတင်မှကြိုးဆိုတဲ့ ဆိုရိုးစကားလိုပဲ။ ဒီသုံးခုလုံးဟာ အောင်မြင်မှုတစ်ဘဝအတွက် မရှိမဖြစ်လိုအပ်တယ်လေ။ တစ်ခုခု မပါလို့မရဘူး။ ဒါပေမဲ့ အထက်မှာဖော်ပြခဲ့သလို အခြေအနေ အချိန်အခါ (အခါရာသီသဘော)နဲ့ ကိုက်ညီအောင်လည်း ချင့်ချိန်လုပ်ဆောင်ရပါတယ်။

အင်မတန်ထင်ရှားတဲ့ ပုံပြင်လေးတစ်ပုဒ်ရှိပါတယ်။ မိရိုးဖလာပြောနေကျမို့ သိကြသူများပါတယ်။ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်။ ဘယ်အရာက ဘဝမှာအရေးအကြီးဆုံးလဲတဲ့။ မေးကြတယ်။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ (၁၉၀၀–၁၉၇၇)က ဒီပုံပြင်လေးနဲ့ သာဓကဆောင်ပြီး ဖြေကြားလေ့ရှိတယ်။

**ငါးသုံးကောင်**

တစ်ခါမှာ တံငါသည်တစ်ယောက်ဟာ မြစ်ထဲမှာ ငါးဖမ်းရာ ငါးသုံးကောင် (ပိုက်ကွန်နဲ့လား၊ ချိတ်နဲ့လားတော့ မသိပါ၊ ထားတော့) မိလာခဲ့တယ်။ လှေဝမ်းထဲမှာ ပစ်ထည့်ထားတယ်။ ဘာငါး အမျိုးအစားလဲ မပြောတတ်ပါ။ သေးသေးကွေးကွေးလေးတွေတော့ ဟုတ်ပုံမရ၊ တစ်တောင်လောက်ထက် ပိုပြီးကြီးတဲ့ ငါးအမျိုးအစား ငါးကြီးကြီးလည်းဟုတ်ပုံမရ။ လှေဝမ်းထဲကို ပစ်ထည့်ထားတာ ဒီငါးရဲ့ အင်အားနဲ့ လှေနံကို ကျော်လွန်တဲ့အမြင့် မခုန်နိုင်၊ မလူးလွန့်နိုင်ဘူးဆိုတာသိလို့ပေါ့။ မဟုတ်ဘူးလား။ လှေကိုလှော်ပြီး ရွာကိုပြန်လာတာပေါ့။

ငါးသုံးကောင်က ခံယူချက်မတူကြဘူး။

တစ်ကောင်က ဝီရိယကို အားသန်တယ်။ အစွမ်းကုန်ကြိုးစားအားထုတ်မှ ဘဝကို ရှင်သန်မယ်။ အန္တရာယ်က လွတ်မြောက်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့် လှေထဲကနေ ရေထဲပြန်ရောက်အောင် တဖျတ်ဖျတ်ခုန်တယ်။ အကြိမ်ကြိမ်ကြိုးစား။

နှစ်ခါ၊ သုံးခါ၊ လေးခါခုန်နေတာ တံငါသည်က မြင်တော့ "ဟ ဒီငါးက ခုန်လှတယ်၊ ငြိမ်အောင်လုပ်မှပဲ" ဆိုပြီး ဒီငါးကို ဆုပ်ကိုင်ကာ လှော်တက်နဲ့ ခွပ်ခနဲရိုက်သတ်ပစ်လိုက်ပါတယ်။ သေပြီဆရာ။ ဝီရိယတစ်ခုတည်း ဉာဏ်ပညာမပါဘဲ အတုံးလိုက် အတစ်လိုက် ဒို့အရေးသမားတွေ၊ လက်နက်ကိုင် အကြမ်းဖက်ပုန်ကန်ရေးလုပ်ကြတော့ ဒီငါးလေးတွေ ဘဝကိုပေးဆပ်သွားရတယ်။ အချိန်အခါ နားမလည်။

ဒုတိယငါးကတော့ ပါးနပ်တယ်။ လှေဝမ်းထဲက လှေနံကို ကျော်နိုင်အောင် လူးလွန့်ခုန်ဖို့ဆိုတာ မလွယ်လှ။ ဒါပေမဲ့ လှေအကွေ့၊ လှိုင်းအလူး လှေနံတစ်ဖက် နိမ့်စောင်းသွားရင်တော့ ကျော်အောင် ခုန်နိုင်မယ်။ ကိုယ့်ရဲ့ခွန်အား အတိုင်းအဆကိုလည်း သိရမယ်။ လှေနံစောင်းပြီး နိမ့်သွားတဲ့ဘက်ကိုလည်း အမြဲမပြတ်စောင့်ကြည့်နေရမယ်။ အခြေအနေကို တိတိကျကျ ချက်ချင်းသိအောင် သတိနဲ့ နိုးကြားနေရတယ်။

လှေအကွေ့၊ လှိုင်းအလူပ်မှာ လှေကစောင်းသွားတယ်၊ လှေနံတစ်ဖက်က သိသိသာသာ နိမ့်သွားတယ်လေ။ ဉာဏ်ရှိတဲ့ငါးက ချက်ချင်းပဲ တအားကုန် ခုန်ထွက်လိုက်တယ်။ မြစ်ထဲရောက်သွားရော။ လွတ်ပြီ။ အခြေအနေကို သေသေချာချာ ရွေးတတ်တယ်။ အချိန်ကို တွက်ဆတတ်တယ်။ ဒါဟာ သေရေးရှင်ရေး အရေးကြီးတာပါလား။ အခွင့်အရေးဆိုတာ အခါခါမရဘူး။

ဉာဏ်ပညာဟာ အခြေအနေအချိန်အခါကို မှန်မှန်ကန်ကန် သိတတ်ခြင်းနဲ့ အခြေအနေအချိန်ကိုက် စွန့်စားလှုပ်ရှားတတ်ခြင်း ပါတကား။ သင်ခန်းစာဟာ ဘဝတစ်သက်တာ တစ်ခုလုံးအတွက် အရေးကြီးတယ်၊ တန်ဖိုးရှိလှပါတယ်နော်။

**ဆူးပုံမနင်းရ**

နောက်ဆုံးငါးတစ်ကောင်ကတော့ ကံကိုယုံတဲ့ ငါးပေါ့။ ကံတရား အတိုင်းပဲပေါ့ကွာဆိုပြီး လှေဝမ်းထဲမှာ အေးအေးဆေးဆေး လိုက်ပါသွားတဲ့ ငါးခမျာတော့ တံငါသည်ဇနီးမယားရဲ့ ဟင်းအိုးထဲ ရောက်သွားရရှာသတဲ့ကွယ်။ ဘဝဆိုတာ အဲဒီလောက် ရေစုန်မျှောပြီး ပေါ့ပေါ့ဆဆ လိုက်ပါနေလို့လည်းမဖြစ်။

အောင်မြင်မှုဆိုတာ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် ပါကိုပါရတယ်။ နေ့စဉ် မှန်မှန် အဆက်မပြတ် ကြိုးစားခြင်းခြေလှမ်းတွေဟာ ဟိုးအဝေးက ပြာညို့ညို့ တောင်ထိပ်ကိုရောက်ဖို့ တရွေ့ရွေ့နီးသွားစေတာ အမှန်ပါပဲ။ မသွားဘဲနဲ့တော့ အလိုလို ဘယ်ရောက်မလဲ။ ကောင်းကင်မှာ ပျံသန်းနေတဲ့ လေယာဉ်ပျံကြီးတွေ တစ်ရက်တည်း အပြီးဆောက်ထားတာမဟုတ်ပါ။ အစိတ်အပိုင်းပေါင်း သိန်းသန်းနဲ့ချီပြီး၊ လနဲ့နှစ်နဲ့ချီ အချိန်ယူပြီး တည်ဆောက်ခဲ့ရတာ။

ပင်လယ်သမုဒ္ဒရာတွေကို ဖြတ်သန်းခုတ်မောင်းနေကြတဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေ၊ ကုန်ပစ္စည်းသေတ္တာ ထောင်ပေါင်းများစွာကို သယ်ဆောင်ခုတ်မောင်းနေဖို့ တည်ဆောက်ရာမှာ သံတန်ချိန်ပေါင်းများစွာ ဆက်စပ်တည်ဆောက်ခဲ့ရတာ။ တစ်ခုချင်း တစ်ခုချင်းစီကို အရေအတွက်များစွာ ပူးပေါင်းခဲ့ရတာဆိုတာ မြင်ပါပြီ။ ဘဝဆိုတာ ခရီးရှည်။

**ဘဝခရီး**

လီပေါင်း (မိုင်ပေါင်း) များစွာကွာဝေးတဲ့ ခရီးတစ်ခု သို့မဟုတ် တောင်ထိပ်သို့တက်ဖို့ ခရီးတစ်ခုဟာ ယနေ့ကိုယ်စတင်တဲ့ ခြေတစ်လှမ်းက အစပြုတာပါကလား။

**စာမျက်နှာ ၇ သို့** ❂

**အပူအအေး၊ အလင်းအမှောင်၊ အစိုအခြောက်၊ အတက်အကျ၊ အကောင်းအဆိုးတွေဟာ တစ်လှည့်စီလည်း ကြုံဆုံနေတတ်တယ်။ အတူတကွ အကောင်းရော၊ အဆိုးရော တွဲပြီးတွေ့ရတာလည်း ရှိမှာပဲ။ ကံဆိုးရင် တစ်ခုပြီးတစ်ခု။ "ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ" ဆိုတာ ဖြစ်လေ့ရှိရဲ့။ "Misfortune never comes alone" တဲ့။ အဖော်တွေတသီကြီး ခေါ်လာတတ်တာက ဘာကြောင့်လဲ။ အဲဒီ ဆိုးတဲ့ကံကို မှန်မှန်ကန်ကန် တုံ့ပြန်မကိုင်တွယ်တတ်လို့ နောက်ဆက်တွဲ အဆိုးကံတွေ ထပ်ကာထပ်ကာ တွေ့ရခြင်းပဲ။ ကံဆိုးရင် သတိထား။ ကောင်းမှုအမြန်လုပ်။ ကောင်းမှုလုပ်၊ ဖြစ်အောင်လုပ်။ အဆိုးဘက်က ရပ်တန့်ပြီး ကောင်းတဲ့ဘက် ပြန်ပြောင်းလဲသွားလိမ့်မယ်။**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I သင်တန်းများ စတင်ဖွင့်လှစ်မည့်ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ အောက်ဖော်ပြပါ A.G.T.I သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - A.G.T.I ပထမနှစ်သင်တန်းများ
(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - A.G.T.I ဒုတိယနှစ်သင်တန်းများ
ကျောင်းအပ်လက်ခံခြင်းကို (၂-၅-၂၀၂၂) ရက်တွင် စတင်လက်ခံမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လအလိုက်ရာသီပွဲတော်များ၊ ပြပွဲ/ ပြိုင်ပွဲများ၊ အခမ်းအနားများကျင်းပခြင်းနှင့်စပ်လျဉ်း၍ နှစ်ပတ်လည် အစီအစဉ်များရေးဆွဲရေးဆိုင်ရာအစည်းအဝေး ကျင်းပ




နေပြည်တော် မေ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လအလိုက်ရာသီပွဲတော်များ၊ ပြပွဲ/ ပြိုင်ပွဲများ၊ အခမ်းအနားများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ နှစ်ပတ်လည်အစီအစဉ်များရေးဆွဲရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

**ဆောင်ရွက်ကြရမည်ဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပွဲတော်များ၊ ပြပွဲ၊ ပြိုင်ပွဲများကို အစဉ်အမြဲသက်ဝင်လှုပ်ရှားနေပြီး ဆယ့်နှစ်လရာသီပွဲတော်များအဖြစ် ခရီးသွားများအတွက် လည်ပတ်စရာ ခရီးသွားဆွဲဆောင်မှုများဖြစ်နေစေရေး ပြင်ဆင်ကြရန်လိုအပ်ကြောင်း၊ ရှိနှင့်ပြီးသော ပွဲတော်များသို့ လာရောက်လည်ပတ်ခြင်းအပေါ် အခြေခံကာ အခြားခရီးသွားလုပ်ငန်း အမျိုးအစားများကိုလည်း ဆက်စပ်ဖော်ထုတ်ကြရန်လိုအပ်ကြောင်း၊ ထိုသို့ ဖော်ထုတ်ကြရာတွင်လည်း ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများအလိုက် ပြုလုပ်လေ့ရှိသော ရိုးရာပွဲတော်များကို စုစည်း၍ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်း ကျင်းပနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နှစ်ပတ်လည် အစီအစဉ်များ ရေးဆွဲကြရာတွင် အစားအစာပွဲတော်များ၊ ဈေးရောင်းပွဲတော်များ၊ အားကစားပြိုင်ပွဲများကဲ့သို့ အမှန်တကယ် စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်သော ပွဲတော်များကို ထည့်သွင်း စဉ်းစားကြရမည့်အပြင် ကွယ်ပျောက်လုနီးပါး ဖြစ်နေသော ပွဲတော်များ၊ ရိုးရာဓလေ့များ၊ အမွေအနှစ်များကိုလည်း ထိန်းသိမ်းဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် ခရီးသွားဧည့်သည်များအတွက် အစားအစာများမှအစ သန့်ရှင်းသပ်ရပ်ပြီး ဘေးကင်းစိတ်ချရသော ပတ်ဝန်းကျင်များနှင့် မိမိတို့ဖော်ဆောင်မည့် လှုပ်ရှားမှုများမှာ စိတ်ဝင်စားဖွယ်ကောင်းအောင် ဖန်တီးကြရန် လိုအပ်ကြောင်း၊ အလားတူ မိမိတို့၏ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များကို ကောင်းမွန်သောဝန်ဆောင်မှုများပေးစွမ်းနိုင်ရေးကိုပါ အလေးထားပြင်ဆင်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လအလိုက် ကျင်းပလေ့ရှိသည့် ရာသီပွဲတော်များ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် အခမ်းအနားများ ကျင်းပခြင်းကို အကြောင်းပြု၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် နှစ်ပတ်လည် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသတွင်း အသင်းအဖွဲ့များဖြင့် ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာပြီး အားလုံးပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရေး တွန်းအားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော နယ်ရုံးခွဲတာဝန်ခံများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပလေ့ရှိသော လအလိုက် ရာသီပွဲတော်များ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် အခမ်းအနားများကျင်းပခြင်း၊ ခရီးသွားလုပ်ငန်း အမျိုးအစားများနှင့် ဆက်စပ်ဖော်ထုတ်သွားနိုင်မည့် ပွဲတော်များ၊ ထပ်မံဖော်ထုတ်သွားမည့်အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငပုတောမြို့နယ်၌ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းတာဝန်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



ငပုတော မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းတာဝန်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ငပုတောမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်ပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်သန်းက နေကြာမျိုးစေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ဝင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်းက သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် မြေအသုံးချမှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကြီးကြပ်ရေးအဖွဲ့များ စီမံကိန်းနယ်မြေများဖြစ်သည့် ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်းမြို့၊ ကျုံကူးကျေးရွာနှင့် ငရုတ်ကောင်းမြို့၊ ကမ်းနီးကျေးရွာ၊ တောင်ကလေးကျေးရွာ၊ မြေကျေးရွာ၊ ဆင်ကူးကြီးကျေးရွာ၊ မန်ကျည်းကျေးရွာနှင့် သက်န်းကုန်းကျေးရွာတို့မှ တောင်သူများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းတာဝန်များအား သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းခတ်မြို့လူထုအခြေပြုဇဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေးဆွေးနွေး

မိုင်းခတ် မေ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်ရေးရာအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က နွေရာသီကျောင်းပိတ်ရက်ကာလတွင် အနာဂတ်လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွှန့်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးအကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက လူငယ်နှင့်စာရိတ္တ၊ မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး စသည့်အကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ ယခုအခါ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ ကျဆင်းလာပါသဖြင့် နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ်(Commercial Flight)များဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် မြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားများ နိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် စီစဉ်၍ (၁၇-၄-၂၀၂၂)ရက်နေ့၊ (၀၀:၀၀)နာရီမှစ၍ ပြေးဆွဲဆောင်ရွက်ခဲ့ရာ (၂၈-၄-၂၀၂၂)ရက်နေ့အထိ ဝင်ရောက်လာသူ ခရီးသည်များမှ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်း လွန်စွာနည်းပါးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ အဆိုပါတွေ့ရှိချက်အရ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ်(Commercial Flight)များဖြင့် ပြန်လည်လိုက်ပါလာသူများအား ယခင်က သတ်မှတ်ဟိုတယ်တွင် (၂၄)နာရီနေထိုင်စေ၍ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ခြင်းအစား (၁-၅-၂၀၂၂)ရက် နေ့၊ (၀၀:၀၀)နာရီမှစတင်၍ ကုန်ကျစရိတ်သက်သာပြီး ဓာတ်ခွဲအဖြေ အချိန်တိုအတွင်း ချက်ချင်းရရှိနိုင်သော RDT နည်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စစ်ဆေးပေးခြင်းကို ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ၎င်းအပြင် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် (Relief Flight) များ၊ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသူများအား ယခင်က ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးပါက အသွားအလာကန့်သတ်ထားရှိမှု (၅)ရက်အစား (၃)ရက်သို့လည်းကောင်း၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုမရှိပါက အသွားအလာကန့်သတ်ထားရှိမှု (၇)ရက်အစား (၅)ရက်သို့လည်းကောင်း ပြင်ဆင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော (က) နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်(Commercial Flight)၊ (ခ) ကယ်ဆယ်ရေးလေယာဉ်(Relief Flight) နှင့် (ဂ) နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်ရောက်လာမည့် ခရီးသွားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ်များပါ လမ်းညွှန်ချက်များကိုကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

(၂၉-၄-၂၀၂၂)

## ရှာငံမြို့နယ်တွင် ဈေးကွက်ခိုင်မာသည့်ဝဥများကို တောင်သူများ တိုးချဲ့စိုက်ပျိုးလာ

**ရှာငံ ဧပြီ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကအခြေခံလုပ်ငန်းအဖြစ် စဉ်ဆက်လုပ်ကိုင်လာကြရာ ယခုနှစ်တွင် ဈေးကွက်ခိုင်မာမှုရှိသည့် ဝဥပင်များကို တောင်သူများ တိုးချဲ့စိုက်ပျိုးလာကြသည်။

ဝဥများကို ယခင်က ရှာငံမြို့၏ အရှေ့ဘက်ရှိ အရှေ့မြင် အနောက်မြင်တောင်၊ ယစကျီတောင်တန်းတစ်လျှောက်၊ အနောက်ဘက်ရှိ ဂဏန်းတောင်၊ နတ်ထိပ်တောင်တန်းတစ်လျှောက်၊ မြောက်ဘက်တွင် သံဖိုချောင်းတောတောင်တစ်လျှောက်၊ တောင်ဘက်တွင် ပြဒါးလင်းဂူတောတောင်နှင့် ပန်းလောင်မြစ်တစ်လျှောက်ရှိ သဘာဝ တောတောင်များထဲမှ ထွက်ရှိသော ဝဥအတွင်းသား အဝါရောင်ရှိ ကျီးဝမျိုးများ၊ ကျောက်ခွက်၊ ကျောက်ခေါင်း ၊ ကျောက်ဒယန်းတို့တွင် ပေါက်လေ့ရှိသော ဝဥအတွင်းသားအဖြူရောင်ရှိ ကြွေးဝ (ခေါ်) ကျောက်ဝ (ခေါ်) ဝသိုး မျိုးများကို ရှာဖွေတူးယူပြီး ရောင်းချကြသည်။ စိုက်ပျိုးရေးကဏ္ဍများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဝဥပင်များကိုလည်း စိုက်နည်းစနစ်အမှန်များဖြင့် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြသည်။

ဝဥမျိုးများတွင် အတွင်းသား အဝါရောင် ကျီးဝ၊ အဖြူရောင် ကျောက်ဝ(ခေါ်) ဝသိုး မျိုးများကို သဘာဝ တောတောင်များတွင် ရှာဖွေကာ မျိုးပွားစနစ်ဖြင့် ပြန်လည်ပျိုးထောင် စိုက်ပျိုးကြပြီး အတွင်းသား ပန်းရောင်ရှိ ဝပန်းမျိုးများကို မြိတ်၊ ထားဝယ်နှင့် ချင်းပြည်နယ်များမှ ဝယ်ယူ၍ စိုက်ပျိုးကြသည်။ အတွင်းသားပန်းရောင်ရှိ ဝပန်းမျိုးပွားရာတွင် ဝဥပင် အရွက်မှသီးသော ရွက်သီး၊ အဖူးတံမှထွက်ရှိသော ဖူးတံသီးမျိုးနှင့် ဥကြီးမှပွားသော ဥသငယ်မျိုးများကို ဝပန်းတစ်မျိုးတည်းတွင်သာ မျိုးပွားနည်းစနစ် သုံးမျိုးဖြင့်ရရှိသည်။ အဝါရောင် ကျီးဝနှင့် အဖြူရောင် ကျောက်ဝ(ခေါ်) ဝသိုးတို့မှာ ဥ ပြန်လည်စိုက်ပျိုးရသော ရှာငံဒေသထွက် သဘာဝမျိုးရင်း ဖြစ်သည်။ ဝပန်းတွင် ရွက်သီးမျိုးနှင့်ဥမျိုးများကို မြေချစိုက်ပျိုး၍ ရသော်လည်း ဖူးတံသီးကို ဘောင်စနစ်ဖြင့်လည်းကောင်း၊ အိတ်ပျိုးစနစ်ဖြင့်လည်းကောင်း တစ်ဆင့်ပြန်လည်ပျိုးထောင်စိုက်ပျိုးကြသည်။

ရှာငံမြို့နယ်တွင် ယခင်က ဒေသမျိုးရင်းများကိုသာ စိုက်ပျိုးကြသော်လည်း ယခုအခါတွင် မျိုးကောင်းမျိုးသန့် အထွက်နှုန်းတိုး သုံးမျိုးရဝပန်းများကို စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်။ တစ်ဧကတွင် ၁၀ ကျပ်သားခန့်ဝဥမျိုး ၂၂၅၀ ဥ ဝင်ဆံ့ပြီး ဝပန်းမျိုးဥတစ်ဥလျှင် ၂၀၀ ကျပ်ခန့် ဝယ်ယူစိုက်ပျိုးရသည်။ မြေဆီလွှာသင့်တင့်ပြီး



အပုပ်အားကောင်းပါက သုံးနှစ်အတွင်း သုံးပိဿာခန့်အထိ ကြီးမားထွက်ရှိသည်။ ယခင်နှစ်က ဝဥအစိုတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အထိ၊ အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ အထိရောင်းချရကြောင်း ရှာငံမြို့ရှိ ဝဥကုန်သည်တစ်ဦးထံမှသိရသည်။ ခရမ်းချဉ်၊ မုံလာ၊ မုံညင်းထုတ် စသည့်သီးနှံများ ဈေးကွက်ထိခိုက်မှုကြုံတွေ့နေရသော်လည်း ယခုအခါတွင် ဈေးကွက်ခိုင်မာမှုရှိသည့် ဝဥများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြောင်း ဝဥစိုက်တောင်သူများထံမှ သိရသည်။ ရှာငံမြို့နယ်တွင် ဝဥစိုက်ခင်းများကို သီးသန့်စီးပွားဖြစ်စိုက်ခင်းများအဖြစ်လည်းကောင်း၊ ကော်ဖီခြံအတွင်း သီးညှပ်အဖြစ်လည်းကောင်း အများအပြားစီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာရွေးချယ်ပွဲ ကျင်းပ

**ပုသိမ် ဧပြီ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကျေးရွာရွေးချယ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေသန်းက အဖွင့်အမှာစကား ပြောကြားပြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဌေးနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အခြေခံမှုများအား ချပြရှင်းလင်း ပြောကြားသည်။

ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၄၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ရွေးချယ်ရမည့် ကျေးရွာစုစုပေါင်း ၂၂ ရွာအား စီမံကိန်းလက်စွဲ စာစောင်ပါ ညွှန်ကြားချက်များနှင့် အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ပေးခဲ့သည်။

ကျေးရွာများ၏ အမှန်လိုအပ်ချက် စီမံကိန်းများအား ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား နှစ်အလိုက် ဆောင်ရွက်ပေးနေခြင်းအားဖြင့် ကျေးရွာများ မြို့နှင့်မခြား ကေန်မလွဲ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

၂၂

## တောင်ပေါ်ဒေသများမှထွက်ရှိသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်၌ ဈေးကောင်းရရှိ

**မန္တလေး ဧပြီ ၂၉**

တောင်ပေါ်ဒေသများမှ စိုက်ပျိုးထွက်ရှိလာသည့် ပန်းနှမ်း(Nig er Seed)များ မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပန်းနှမ်းကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံမှ ဝယ်ယူကြကြောင်း၊ သင်္ကြန်မတိုင်မီကာလအချိန်က ၄၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၂၀၀၀ နှုန်းအထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ကောင်းနေသည့် အပြင် ရာသီဥတုမျှတသည့်အတွက်လည်း အထွက်နှုန်း အသင့်အတင့် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“ပန်းနှမ်းကို ပြည်တွင်း ပြည်ပ ဝယ်ယူကြပြီး ပြည်တွင်းမှာတော့ ဆီကြိတ်ကာ တချို့မုန့်လုပ်ငန်းတွေမှာ အကြော်ဆီအနေနဲ့ အသုံးပြုကြတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဆီအဖြစ် ထုတ်လုပ်ပြီး စားသုံးရုံသာမက အလှကုန်ပစ္စည်းနဲ့ ဆေးဝါးထုတ်လုပ်တဲ့နေရာတွေမှာလည်း အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒေသခံရှမ်းတိုင်းရင်းသား တောင်သူတွေအနေနဲ့ သူတို့အတွက် အဓိကဝင်ငွေရရှိစေနိုင်တဲ့ သီးနှံအဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြတယ်။ ဒီဇင်ဘာလမှာ ရှမ်းပြည်နယ် ဒေသတွေမှာ အဝါရောင်ပန်းနှမ်းခင်းတွေကို ပန်းချီကားတစ်ချပ်လို လှပစွာ မြင်တွေ့နိုင်ပါတယ်” ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အဆိုပါ ပန်းနှမ်းသည် တစ်နှစ်ကို တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ပြည်ပဝင်ငွေရှာဖွေပေးသည့် သီးနှံဖြစ်သည့်အပြင် တောင်ပေါ်ဒေသများ၌သာ စိုက်ပျိုးဖြစ်ထွန်း ထွက်ရှိကြောင်း၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတစ်ခွင်၌ အဝါရောင်ပန်းနှမ်းခင်းများအား ရှမ်းတောင်တန်းကြီးများနှင့် ယှဉ်တွဲ၍ ပန်းချီကား တစ်ချပ်ပမာမြင်တွေ့နိုင်ကြောင်း သိရသည်။

ပန်းနှမ်းကို နှစ်စဉ် စက်တင်ဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာ နောက်ဆုံးပတ်တွင် စတင်ထွက်ရှိကြောင်းနှင့် ၎င်းပန်းနှမ်းကို ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းဒေသများနှင့် ကယားပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြပြီး ထွက်ရှိသမျှ ပန်းနှမ်းများကို မန္တလေးဈေးကွက်မှ တစ်ဆင့် ပို့ဆောင်ရောင်းချကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

(ယမန်နေ့မှအဆက်)

မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို ရွေးကောက်ပွဲပြီးကတည်းက သွားခဲ့ကြောင်း၊ သို့သော် ၎င်းတို့၏ မဲမသမာမှုများကို ဖုံးကွယ်နိုင်ရန်အတွက် ထိုကိစ္စများကိုဆန့်ကျင်၍ ပြည်သူလူထုကိုအသုံးချပြီး ဆောင်ရွက်နေခြင်း ဖြစ်သောကြောင့် ထိုအဖွဲ့များနှင့်ဆွေးနွေးရန် အကြောင်းလုံးဝမရှိကြောင်း၊ ထို့ကြောင့် EAO အဖွဲ့များနှင့် PDF၊ NUG အကြမ်းဖက်အဖွဲ့များသည် ရပ်တည်ချက်ရော သမိုင်းကြောင်းပါ မတူညီကြောင်း၊ အချို့ EAO အဖွဲ့များအနေဖြင့် PDF၊ NUG အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထိုအဖွဲ့များအနေဖြင့် ဆက်လက်ပူးပေါင်းနေမည်ဆိုပါက ထို EAO များ၏ နယ်မြေများသာလျှင် နစ်နာမှုရှိမည်ဟု ပြောလိုကြောင်း၊ လက်တွေ့တွင်လည်း ယခင်ကငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိနေသည့် တိုင်းရင်းသားနယ်မြေအချို့တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည်ကို တွေ့ရကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများသာလျှင် နစ်နာနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင်လည်း သဘောထားကွဲလွဲမှုများ ရှိနေသည်ကို တွေ့ရကြောင်း၊ ဥပမာပြောရမည်ဆိုပါက ဒီးမော့ဆိုမြို့တွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရန် NUG ၏ လုပ်ဆောင်မှုကို ဧပြီ ၁၄ ရက်က ထုတ်ပြန်ခဲ့ပြီး ဧပြီ ၂၆ ရက်တွင် KNPP က ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ကရင်ပြည်နယ် KNU ဘက်က နော်မေဦးရေးသားထားသည့် “NCA အစုအဖွဲ့များ၏ နိုင်ငံရေးရိုးသားမှုကို ဆန်းစစ်ခြင်း” ဆိုသည့်စာတမ်းကို ဖတ်ကြည့်မည်ဆိုပါက တချို့အရာများကို ရိပ်မိနိုင်မည်ဖြစ်ကြောင်း။

မိမိအနေဖြင့် သတိထားရမည့် သမိုင်းကြောင်းတစ်ခုကို ပြောလိုကြောင်း၊ ဗကပ ဗဟိုပဲခူးရိုးမမှ အရှေ့မြောက်ဒေသရောက်ရှိသွားသည့် အချိန်တွင် ထိုဒေသတွင် မည်ကဲ့သို့ဖြစ်ခဲ့သည်ဆိုသည့်သမိုင်းနှင့် ဗကပများ အဆိုပါဒေသတွင် ချုပ်ငြိမ်းသွားမှုသမိုင်းများသည် လေ့လာစရာကောင်းသည်ဟု ပြောလိုကြောင်း။

## တွေ့ဆုံဆွေးနွေး

နံပါတ်သုံးအချက်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ အကြီးအကဲ H.E.Dr.KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ခရီးစဉ်နှင့်ပတ်သက်၍ တင်ပြလိုကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည် ၂၀၂၂ ခုနှစ်အတွင်း မတ် ၂၁ ရက်တွင်တစ်ကြိမ်၊ ဧပြီ ၂၀ ရက်တွင် တစ်ကြိမ် ထပ်မံရောက်ရှိခဲ့ကြောင်း၊ ယခုခရီးစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တွေ့ဆုံခဲ့သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စသက်သက်ကိုသာ အလေးထားလုပ်ဆောင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေးမူဝါဒကို အလေးထား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံအစိုးရ၏ လုပ်ငန်းစဉ်နှင့် မူဘောင်များနှင့်အညီသာ ဖြစ်သင့်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း။

ဧပြီ၂၀ရက်တွင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနသို့ ခန်းမ၌ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံရာ၌ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည့်အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့် လက်ရှိအခြေအနေများအပေါ် ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းမှုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အကူအညီပေးနေသည့်အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များနှင့် ကျွမ်းကျင်သူများအား ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းအဆင့်ဆင့်တွင် အပြုသဘောဆောင်၍ ပူးပေါင်းဆောင်ရွက်ရန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရန်၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားရန်ဟု ပါရှိကြောင်း။

## အမြဲတံခါးဖွင့်ကြိုဆို

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ကြိုတင်ကန့်သတ်ချက်မထားရှိဘဲ လာရောက်တွေ့ဆုံဆွေးနွေးနိုင်စေရန် အမြဲတံခါးဖွင့်ကြိုဆိုထားကြောင်း ကော်မတီအနေဖြင့် အမြဲအသိပေးနေသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တရားဝင်ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် ညှိနှိုင်းရေးကော်မတီအနေဖြင့် NCA ထိုးထားသည့် EAO များနှင့်သာမက NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များ နိုင်ငံရေးပါတီများနှင့်ပါ မကြာခဏ အလွတ်သဘော တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ တဖြည်းဖြည်းဖြင့် တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်စေရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့်အတွက် တပ်မတော်က နိုင်ငံတော်တာဝန် ရယူခဲ့ခြင်းအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်ဖြင့် ၎င်းတို့နယ်မြေအတွင်း လက်ခံထားရှိသည့် PDF / NUG အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များနှင့် မြို့ရွာများကို အန္တရာယ်ပြုနေသည့် လုပ်ရပ်များအကြောင်းကိုလည်း မိမိတို့ပြောခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို ကူညီထောက်ပံ့မှုများမပြုလုပ်ရန် တိုက်တွန်းပြောကြားပေးစေလိုကြောင်းကိုလည်း မိမိတို့ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုအားလုံး၏ ရလဒ်များအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာရောက်စဉ်ကပင် မိမိတို့မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပါဝင်ကူညီဆောင်ရွက်မည်ဆိုသည့် ကိစ္စကိုလည်း မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ မူဝါဒများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောလိုကြောင်း။

## လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှရမည်

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ ၇၅ နှစ် ပြည့်မြောက်ပြီဖြစ်ကြောင်း၊ သို့သော် မိမိတို့နိုင်ငံသား ပြည်သူလူထုအနေဖြင့် လွတ်လပ်ရေး၏အရသာ၊ ဒီမိုကရေစီ၏ အရသာကို အပြည့်အဝခံစားရခြင်းမရှိသေးကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီကို ပြည့်ဝစွာခံစားနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Peace and Development)ကို အထောက်အကူဖြစ်စေမည့် မည်သည့်မိတ်ဆွေနိုင်ငံ၊ မည်သည့်မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီမှု၊ အကျိုးဆောင်မှုကိုမဆို အမြဲကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း။

နံပါတ်လေးအချက်အနေဖြင့် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်း၏အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် အားလုံးလက်ခံထားသည့် အချက်တစ်ချက်ရှိကြောင်း၊ ထိုအချက်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ ထိုအချက်မှာလည်း “ပညာရေး” အပေါ် အဓိကမူတည်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများ လုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ပင်ဖြစ်သည်”**ဟု ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရေးအခြေအနေကို ပြောလိုကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် (၅) နှစ်နှင့်အထက် လူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်း (လူဦးရေလေးသန်းခန့်)မှာ ကျောင်းမနေခဲ့ဖူးသည်ကို တွေ့ရကြောင်း၊ အသက် (၂၅) နှစ်အထက်ကျောင်းမနေဖူးသူ ကိုးသိန်းခြောက်သောင်းခန့်ရှိကြောင်း၊ မူလတန်းကြိုနှင့် မူလတန်းအဆင့်ရှိသူ ၁၁ ဒသမ ၈ သန်းခန့်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မူလတန်းအဆင့် ပညာရေးသာရှိသူ ၁၂ ဒသမ ၉၇ သန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ အလယ်တန်းအဆင့် ပညာရေးရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ အားလုံးပေါင်းမည်ဆိုပါက အလယ်တန်းအဆင့်နှင့်အောက်ပညာရေးသာရှိသူ ၁၈ ဒသမ ၂ သန်းခန့်ရှိကြောင်း၊ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ အမျိုးသားပညာရေးကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်စားသူများက စစ်ကျွန်ပညာရေးဟု ခေါင်းစဉ်ပြ၍ ဝါဒမှိုင်းတိုက်ခဲ့ကြောင်း၊ **စာမျက်နှာ ၁၁ သို့** ■

■ စာမျက်နှာ ၁၀ မှ
အစိုးရအနေဖြင့် ကျောင်းသား၊ မိဘ၊ ဆရာတို့အပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုကြားမှ ပြည်သူ ပါဝင်သည့် လုံခြုံရေးအာမခံချက်များရယူ၍ ကျောင်းများဖွင့်လှစ်ရေး လုပ်ဆောင်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်မှုအနေဖြင့် မြန်မာနိုင်ငံမှာ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းပေါင်း ၆၁၇၈ ကျောင်းရှိသည့်အနက် ၅၂၀၉ ကျောင်း၊ အလယ်တန်းအဆင့် ကျောင်းပေါင်း ၁၂၇၈၆ ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း ၂၁၂၄၇ ကျောင်း စုစုပေါင်း အခြေခံပညာအဆင့်ကျောင်းပေါင်း ၄၇၇၆၀ အနက် ၃၉၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းတက်ရောက်မှုအနေဖြင့် **၄၂ သိန်း**ကျော် တက်ရောက်ခဲ့ကြောင်း၊ ၈၁ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများကို မတ်လနောက်ဆုံးအပတ်နှင့် ဧပြီလ ပထမ အပတ်တို့တွင် ယခင်လျာထားသည့်အတိုင်း စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းတက်ရောက်သည့်အတိုင်း ရာခိုင်နှုန်းပြည့် တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီး/ပြည်နယ် အလိုက် စာရင်း ပေးသွင်းသူများအနက် **၉၀ ဒသမ ၁၈** ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ကျောင်းသား ကျောင်းသူများ စာမေးပွဲအောင်ရုံသာမက ရာနှုန်းပြည့် အမှန်တကယ် တတ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တိုင်းပြည်၏ပညာရေးကို ဟန့်တားနှောင့်ယှက်**

ပြီးခဲ့သည့် ပညာသင်နှစ်တစ်လျှောက် မြို့နယ်ပေါင်း ၁၇၇ မြို့နယ်၌ အကြမ်းဖက်လုပ်ရပ်များကြောင့် စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံ ဖျက်ဆီးခံရမှု ၅၀၀ ကျော်နှင့် ပညာရေးဝန်ထမ်း ၃၇ ဦး သေဆုံးခဲ့ပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ကလေးများ၏ အနာဂတ်ပျောက်အောင် ပြည်ဖျက်မီဒီယာများကလည်း အားပေးအားမြှောက် ပြုခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့လှုံ့ဆော်ရုံသာမက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများနှင့် စာဖြေဌာနများကို ဗုံးပစ်ခြင်း၊ မိုင်းခွဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဥပမာပြောရမည်ဆိုပါက ရေဖြူမြို့ ကျောက်တိုင်လမ်းတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းအား အင်္ဂလိပ်စာဘာသာရပ် စာမေးပွဲဖြေဆိုသည့်နေ့တွင် လက်လုပ်အသံဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားသည့်ဖြစ်စဉ် ဖြစ်ခဲ့ကြောင်း၊ ရေစကြိုမြို့ အမှတ်(၈)ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့အတူ ချင်းပြည်နယ် မတူပီမြို့ အခြေခံပညာမူလတန်းကျောင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကံပေါက်ကျေးရွာ ကံပေါက်အခြေခံပညာအထက်တန်းကျောင်းတွင်လည်း စာမေးပွဲဖြေဆိုနေစဉ်တွင် လာရောက်ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ နမူနာအချို့ကိုသာ မိမိထုတ်ပြခြင်းဖြစ်ကြောင်း၊ အချို့သောလူငယ်များ၏အနာဂတ်ကို လမ်းပျောက်စေရန်နှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်လာမှုကို မနာလိုစိတ်ပြင်းထန်သည့် အောက်လုံးမီဒီယာများနှင့် နိုင်ငံရေးသမားများ၏လက်ချက်သာ အဓိကဟုပြောလိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ထုတ်ပြန်မည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများနှင့် TV သတင်းများတွင်လည်း ကျောင်းများဖွင့်လှစ်နိုင်မှုနှင့် အဝေးသင်တက္ကသိုလ်များ ဖွင့်လှစ်နိုင်မှုတို့ကို

## မြန်မာနိုင်ငံနှင့် ဥရောပ အာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ဥရောပအာရှစီးပွားရေးကော်မရှင်အဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ




နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်တန်းမပါ ၂၀၂၂ ခုနှစ် ဧပြီ ၂၄ ရက်က စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ဇွန်လ ၂ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် လျာထားကြောင်း၊ ဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် ခံစားနိုင်ရန် ပြည်သူလူထု၏ ပညာရည်မြင့်မားရန် လိုအပ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က **"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံးဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာဖြစ်စေမည်"**ဟု ပြောခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းပြည်၏ပညာရေးကို ဟန့်တားနှောင့်ယှက်နေခြင်းသည် ဒီမိုကရေစီစနစ်ကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်းပင် ဖြစ်သည်ဟု ပြောလိုကြောင်း။

**ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ**

နံပါတ်ငါးအချက်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရ၏မူဝါဒမှာ **"ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"၊ "လက်တွေ့ကျကျ၊ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"**ဆိုသည့် မူဝါဒကို နိုင်ငံတော်အကြီးအကဲက မူဝါဒချမှတ်ပေးထားကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူမှု၊ လှူဒါန်းမှု၊ လက်ခံရရှိမှု Dose အရေအတွက် ၆၆ ဒသမ ၁၃ သန်းကျော်ရှိကြောင်း၊ ထိုးနှံပြီး Dose အရေအတွက်မှာ ၅၃ ဒသမ ၇၅ သန်းကျော်ဖြစ်ကြောင်း၊ တစ်ကြိမ်ထိုးနှံပြီးသူအရေအတွက် ၆ ဒသမ ၇၄ သန်းကျော်ဖြစ်ကြောင်း၊ အကြိမ်ပြည့်ထိုးနှံပြီးသူအနေဖြင့် ၂၂ ဒသမ ၈၆ သန်းကျော်ဖြစ်ကြောင်း၊ အသက် (၁၂) နှစ်မှ (၁၈) နှစ်အတွင်းရှိ အခြေခံပညာဦးစီးဌာန အလယ်တန်း/အထက်တန်း ကျောင်းသားကျောင်းသူများအား ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း။

တစ်နိုင်ငံလုံးတွင် အသက် (၁၅) နှစ်နှင့် (၁၈) နှစ်အထိ ရည်မှန်းလူဦးရေ သုံးသန်းကျော်ရှိကြောင်း၊ ထိုသူများအနက် အသက် (၁၂) နှစ်နှင့် (၁၈) နှစ် အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၁ ဒသမ ၅ သန်းကျော် ထိုးနှံပြီးဖြစ်သည့်အတွက် အသက် (၁၅) နှစ်နှင့် (၁၈) နှစ်အတွင်းရှိကျောင်းသားကျောင်းသူ ၇၉၁၄၅၄ ဦး **ခုနှစ်သိန်း ကိုးသောင်းကျော်**ခန့် ထိုးနှံပြီးစီးပြီဟု ခန့်မှန်းရကြောင်း၊ ပြည်သူလူထုအတွင်း အသက် (၁၅) နှစ်မှ (၁၈) နှစ်အတွင်း ၂၂၇၁၀၀၇ ဦး (၂ ဒသမ ၂)သန်းကျော်ခန့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေကြောင်း၊ ကျောင်းတက်ခြင်းမရှိသည့် အသက် (၁၅) နှစ်မှ (၁၈) နှစ်အထက် လူငယ်များသည် ပြင်ပတွင် အလုပ်လုပ်ကိုင်နေသူများပြားသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်နိုင်ခြေများသည့် အသက်အုပ်စုလည်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူလူထုအတွင်း အသက် (၁၅) နှစ်မှ (၁၈) နှစ်အတွင်း လူဦးရေအားလုံးကို ကာကွယ်ဆေးထိုးနှံရန်အတွက် ပထမအကြိမ်ကို ၁၇-၄-၂၀၂၂ ရက်နေ့မှ ၂၃-၅-၂၀၂၂ ရက်အထိ ဒုတိယအကြိမ် ဆေးထိုးနှံရန်အတွက် ၂၄-၅-၂၀၂၂ ရက်မှ ၂၀-၆-၂၀၂၂ ရက်အထိ ထိုးနှံပေးရန်လျာထားထားကြောင်း၊ ချုံ့ပြီးပြောရလျှင် ယခင်ကအသက် (၁၈) နှစ်အထက်ကို ကာကွယ်ဆေး ထိုးနှံခဲ့ကြောင်း၊ ယခုအချိန်တွင် အသက် (၁၅) နှစ်အထိ လျှော့ချပြီး (၁၅) နှစ်နှင့်အထက် ပြည်သူလူထုအားလုံးကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

**ငါးနိုင်ငံသာ ဆောင်ရွက်နိုင်**

ပြည်သူလူထုတစ်ရပ်လုံးကလည်း အားလုံးဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း၊ လက်ရှိတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေး ထိုးနှံလွှမ်းခြုံမှု မြင့်မားလာသည်နှင့်အမျှ မိမိတို့ ပြည်သူ ပြည်သားများ ရောဂါဖြစ်ပွားသေဆုံးမှုကို တားဆီးကာကွယ်နိုင်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးအပြည့်ထိုးနှံမှု ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက် PDF အမည်ခံအဖွဲ့များကြောင့် နယ်မြေမငြိမ်မသက်ဖြစ်နေသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ အချို့နေရာများတွင် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးထိုးရမည့်သူများအားလုံးကို ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေး စွမ်းအားမြှင့် Booster Doses ထိုးနှံနိုင်ရေးအတွက် ထိုးနှံပြီးသူ ၁ ဒသမ ၂၈ သန်းကျော် ရှိပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ရရှိနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotech Group မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် အာဆီယံဒေသ၌ မြန်မာနိုင်ငံအပါအဝင် ထိုသို့လုပ်ဆောင်ခြင်းကို ငါးနိုင်ငံသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးလုပ်ငန်းကို ပြည်တွင်းတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့သို့လုပ်ဆောင်ခြင်းသည် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ကာကွယ်ဆေးမှတ်တမ်းတင်ခြင်း ထောက်ခံစာ (DrugNotificationCertificate)ကို ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရရှိပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနသို့ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Doses တစ်သန်း စတင်ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးကို ပြည်တွင်းမှ ထုတ်လုပ်နိုင်ပြီး ပြည်သူများကိုလည်း ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဟု သတင်းကောင်းပါးလိုကြောင်း။

**စွမ်းအင်ကဏ္ဍ**

နံပါတ်ခြောက်အနေဖြင့် စွမ်းအင်ကဏ္ဍဖြစ်ကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် ရေနံစိမ်းဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ရုရှားနှင့် ယူကရိန်းပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးကွက် မြင့်တက်နေသည်ကို တွေ့ရှိရကြောင်း၊ ထိုရိုက်ခတ်မှုသည် အစိုးရအပေါ် ထိုးနှက်ချင်သူများက ကမ္ဘာပေါ်တွင်ဖြစ်ပျက်နေသည့် ကမ္ဘာ့ရေနံဈေးနှုန်း အပြောင်းအလဲကို လျစ်လျူရှုပြီး မိမိတို့တစ်နိုင်ငံတည်း ပြတ်လပ်နေသလို၊ ဈေးနှုန်းမြင့်နေသလို လုပ်ဆောင်နေကြသည်ကိုတွေ့ရကြောင်း၊ မိမိတို့အိမ်နီးချင်းဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပြီး ကြည့်၍ရကြောင်း၊ အာဆီယံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးဖြစ်သည့် စင်ကာပူနိုင်ငံဆိုလျှင် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ ဓာတ်ဆီဈေးနှုန်းအရ 95 တစ်လီတာကို စင်ကာပူဒေါ်လာ ၂ ဒသမ ၉၃၁ ခန့် (မြန်မာငွေ ၃၉၆၇ ကျပ်ခန့်)၊ တစ်ဂါလန်လျှင် စင်ကာပူငွေ ၁၃ ဒသမ ၁၉ ဒေါ်လာခန့် (မြန်မာငွေ ၁၇၈၅၂ ကျပ်ခန့်) ဈေးနှုန်းပေါက်သည်ကို တွေ့ရကြောင်း၊ ထိုင်းနိုင်ငံဆိုလျှင် 95 တစ်လီတာကို ၄၆ ဒသမ ၉၇ ဘတ်ခန့် (မြန်မာငွေ ၂၅၅၉ ကျပ်)၊ တစ်ဂါလန်လျှင် ထိုင်းငွေ ၂၁၁ ဒသမ ၃၇ ဘတ်ခန့် (မြန်မာငွေ ၁၁၅၁၆ ကျပ်ခန့်) ဈေးနှုန်းရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ ဓာတ်ဆီ တစ်လီတာ ၂၀၀၀ ကျပ်ခန့် ( တစ်ဂါလန်လျှင် ၉၀၀၀ ကျပ်ခန့်) ဈေးနှုန်းဝန်းကျင်နှင့် နှိုင်းယှဉ်ကြည့်လျှင် သိနိုင်ပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ်ပြုလုပ်သွားမည်ဖြစ်သလို စက်သုံးဆီအသုံးပြုမှုကို ခြိုးခြံချွေတာရမည်ဖြစ်ကြောင်း။

ပြည်တွင်းစက်သုံးဆီဖူလုံရေးနှင့် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအနေဖြင့် မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်နိုင်ရန် အထူးသဖြင့် ကုန်းတွင်းရေနံတွင်းဟောင်းများကို စွမ်းရည်မြှင့်တင်တိုးတက်ထုတ်လုပ်မည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ၍ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကမ္ဘာပေါ်တွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်တင်ပို့ရောင်းချနေသည့် ရုရှားနိုင်ငံနှင့်လည်းကောင်း၊ ရုရှားနိုင်ငံဦးဆောင်ပြီး ဘယ်လာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် အာမေနီးယားနိုင်ငံများက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (Euro-Asia Economic Union) အဖွဲ့နှင့်လည်းကောင်း စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်း၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိကြောင်း၊ အထူးသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကမ္ဘာ့ထိပ်တန်း ရေနံကုမ္ပဏီများနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်ဆွေးနွေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မတ် ၂၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ-ဥရောပ အာရှ စီးပွားရေးကော်မရှင်အကြား နှစ်ဖက်အစိုးရ-ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ဆွေးနွေးပွဲတွင် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ကုမ္ပဏီကြီးများ တက်ရောက်ခဲ့ကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးကဏ္ဍတွင်လည်း စာမျက်နှာ ၁၂ သို့ ■

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှားင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂) အား ၂-၅-၂၀၂၂ ရက်နေ့မှ ၁၀-၆-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှားင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှားင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ တည်ထောင်ဖွင့်လှစ်ပေးခြင်းဖြစ်

**လွိုင်ကော် မေ ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး မိမိဒေသဖွံ့ဖြိုးရေးတာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်နိုင်စေရန်အတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်ကိုယ်စားပြုတက်ရောက်မည့် သင်တန်းသား သင်တန်းသူများတွင် တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတက်ရောက်မည့် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ကယားပြည်နယ် ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၇ ဦးအတွက် ခရီးစရိတ်နှင့် ထောက်ပံ့ငွေကျပ် ၇၂၈၀၀၀၀ အား ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

**ခရိုင်(ပြန်/ဆက်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တာဆန်းတံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**မိုင်းဆတ် မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ နမ့်စန့်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် လမ်းပေါ်ရှိ သံလွင်တံတား (တာဆန်း) တည်ဆောက်နေမှုကို ယမန်နေ့ ညနေ ၃ နာရီခွဲက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တံတားအထူးအဖွဲ့(၄) တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက တံတားတည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ တံတားတည်ဆောက်မှုအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သံလွင်(တာဆန်း) တံတားသည် အရှည် ၂၆၆ ဒသမ ၈၆၁ မီတာ (၈၇၅ ဒသမ ၇ ပေ)၊ ပင်မတံတား ၂၀၁ မီတာ၊ ချဉ်းကပ်တံတား ၁၁ မီတာ (မိုင်းပန်ဘက်ကမ်း)၊ ၅၄ ဒသမ ၈၆၁ မီတာ (မိုင်းတုံဘက်ကမ်း)၊ တံတားအမျိုးအစားအုတ်မြစ် R.C Bored Pile၊ တံတားအောက်ထည် R.C တံတား၊ အပေါ်ထည် Steel Truss+R.C၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန်၊ လူသွားလမ်းအကျယ် တစ်မီတာတစ်ဖက်လျှင် သုံးပေ၊ တံတားတစ်စင်းလုံး ပြီးစီးမှုမှာ ၁၉ ရာခိုင်နှုန်း ဖြစ်ကြောင်းနှင့် တံတားပြီးစီးသွားပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■ စာမျက်နှာ ၁၁ မှ

ပူးပေါင်းဆောင်ရွက်ရေးနှင့် လျှပ်စစ်ကဏ္ဍဖြန့်ဖြူးရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း၊ မကြာမီတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထိပ်တန်းရေနံနှင့် စွမ်းအင်ကုမ္ပဏီများနှင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးသွားရန်ရှိကြောင်း၊ ဒီဇယ်နှင့်ဓာတ်ဆီကို ပြည်ပကတင်သွင်းရန်လိုအပ်သည့် နိုင်ငံခြားသုံးငွေများ စနစ်တကျ ရောင်းချပေးနိုင်ရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီအနေဖြင့်လည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း။

စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး လုပ်ငန်းအသေးစိတ်များကို သတင်းမီဒီယာအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က အသေးစိတ်ကိန်းဂဏန်း အချက်အလက်များနှင့် အသေးစိတ်ပြောပြီးဖြစ်ကြောင်း၊ တိုင်းပြည်အတွင်းတွင် အရန်စက်သုံးဆီများ အလုံအလောက်ရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး ဈေးကစားချင်သည့် ကောလာဟလသတင်းမျိုးစုံ လွှင့်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် အသိပေးသင့်သည်များ၊ သတိပေးသင့်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနအနေဖြင့် သက်ဆိုင်ရာကော်မတီ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း MPTA တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေးအာမခံချက်ရှိစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီ၊ လျှပ်စစ်အပါအဝင် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်ပြီး ယခုလက်ရှိ အခြေအနေထက် ပိုမိုကောင်းမွန်ထိရောက်သည့် အစီအမံများကိုလည်း ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်စိတ်မလွန်ကဲရန် ထပ်မံအသိပေးပြောကြားလိုကြောင်း။

(ဆက်လက်ဖော်ပြပါမည်)

### ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ ကော်လံ ၁ တွင် ဖော်ပြခဲ့သည့် မှတ်တမ်းဓာတ်ပုံပုံစာတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်မြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ အစား တနင်္သာရီတိုင်းဒေသကြီး၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# Moderna က အသက် ခြောက်လအရွယ်မှ ခြောက်နှစ်အရွယ်ကလေးငယ်များအတွက် ကာကွယ်ဆေးသုံးစွဲခွင့်ရရှိရန် လျှောက်ထား




**ဝါရှင်တန် ဧပြီ ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သည့် Moderna က အသက် ခြောက်လအရွယ်မှ ခြောက်နှစ်အရွယ်ရှိ ကလေးငယ်များအတွက် အဆိုပါကာကွယ်ဆေးကို သုံးစွဲခွင့်ပြုပေးရန် အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့သို့ တင်ပြထားကြောင်း သိရသည်။

နှစ်ကြိမ်ထိုးနှံမှုခံယူရသည့် Moderna ကိုဗစ်ကာကွယ်ဆေးသည် ခြောက်လအရွယ်မှ နှစ်နှစ်အရွယ်ကလေးငယ်များအား အိုမီခရွန် မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုမှ ၅၁ ရာခိုင်နှုန်း ကာကွယ်နိုင်စွမ်းရှိသည်။ ထို့ပြင် အသက် နှစ်နှစ်မှ အသက် ခြောက်နှစ်အောက် ကလေးငယ်များအတွက် ၃၇ ရာခိုင်နှုန်း ကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် အသက် ငါးနှစ်အောက်အရွယ် ကလေးငယ်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူရခြင်းမရှိသေးသည့် တစ်ခုတည်းသော အသက်အရွယ်အုပ်စုဖြစ်သည်။

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က Modena ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သုံးစွဲခွင့် အတည်ပြုပေးမည်ဆိုပါက ယင်းကာကွယ်ဆေး၏ ၂၅ မိုက်ခရိုဂရမ်ခန့်သာ နှစ်ကြိမ်ထိုးနှံပေးရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ အပူလှိုင်းများ ဝင်ရောက်တိုက်ခတ်

**နယူးဒေလီ ဧပြီ ၂၉**

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်တွင် အပူလှိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံသန်းပေါင်းများစွာ အပူဒဏ်ခံစားနေရကြောင်း သိရသည်။

နယူးဒေလီမြို့၌ လွန်ခဲ့သည့် သုံးရက်အတွင်း အပူချိန် ၄၅ ဒီဂရီဆဲဆီရပ်စ်သို့မြင့်တက်လာခဲ့ပြီး ယခုသီတင်းပတ်အတွင်း အပူချိန်များ ဆက်လက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသဆိုင်ရာပညာရှင်များက ပြောကြားသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ အိန္ဒိယနိုင်ငံတွင် အပူလှိုင်းများ ဝင်ရောက်တိုက်ခတ်မှုများကြောင့် ဒေသခံ ၆၅၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

မိမိအနေဖြင့် ယခုကဲ့သို့သော ဧပြီလတွင် ရာသီဥတုဆိုးရွားစွာပူပြင်းမှုကို ပထမဆုံးအကြိမ်အဖြစ် ကြုံတွေ့ရခြင်းဖြစ်ကြောင်း နယူးဒေလီမြို့မှ ဒေသခံတစ်ဦးဖြစ်သည့် ဆိုမြာမီရာက ပြောကြားသည်။ ရာဂျက်စသန်၊ ဂူဂျာရက်နှင့် အန်ဒရာပရာဒေရှ့်ပြည်နယ်များ၌ နေအိမ်များတွင် အဲယားကွန်းများနှင့် ပန်ကာများ သုံးစွဲမှုမြင့်တက်လာသည့်အပြင် နိုင်ငံရှိ ဒေသအများအပြားတွင်လည်း ရေပြတ်လပ်မှုများဖြစ်ပွားနေသဖြင့် တောင်သူလယ်သမားများ အခက်ကြုံ တွေ့နေရကြောင်းသိရသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံ၌လည်း လက်ရှိအချိန်တွင် အပူချိန်များမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃ ဒသမ ၀၇ သန်း ရှိလာ

**နယူးဒေလီ ဧပြီ ၂၉**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၇ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၀၇၂၁၇၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ယနေ့သည် နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၃၀၀၀ ကျော် ရှိလာသည်မှာ ဒုတိယမြောက်ဖြစ်သည့် နေ့ဖြစ်ကြောင်း သိရသည်။

ဒေလီဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၀ နီးပါးရှိလာခဲ့ကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၆၀ ထပ်မံသေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၅၂၃၇၅၃ ဦးရှိလာခဲ့သည်။ နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၇၈၀၁ ဦးရှိကြောင်း သိရသည်။

ပြီးခဲ့သည်လများအတွင်း အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာအရေအတွက် ကျဆင်းသွားခဲ့သော်လည်း ပြီးခဲ့သည့်သီတင်းနှစ်ပတ်ခန့်ကစတင်၍ ပြန်လည်မြင့်တက်လာခဲ့သည်။ နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၂၅၃၀၆၂ ဦးရှိသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၉၁၆ ဦး ထပ်မံတွေ့ရှိ

**ရီယိုဒီဂျနေးရိုး ဧပြီ ၂၉**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၉၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိရပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၁၄ ဦး ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၄၁၈၉၂၀ ရှိပြီး သေဆုံးသူပေါင်း ၆၆၃၂၂၅ ဦးရှိကြောင်း သိရသည်။

ကိုဗစ် ၁၉ ရောဂါ ကူးစက်မှု၊ သေဆုံးမှုနှင့် ဆေးရုံတက်ရောက်ကုသမှုအရေအတွက်များ လျော့ကျလာသည့်အတွက် ဘရာဇီးကျန်းမာရေးဝန်ကြီး မာဆီလိုကွာရိုဂါက ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့ခြင်းဆိုင်ရာ ဒီဂရီတစ်ရပ်ကို ယခုလအတွင်း လက်မှတ်ရေးထိုးခဲ့သည်။

ယခုနှစ် ဇန်နဝါရီလကတည်းမှစပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှုများ လျော့ကျလာခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၆၃ ဒသမ ၈ သန်းဝန်းကျင် (၇၆ ဒသမ ၂ ရာခိုင်နှုန်း)သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၅ ဒသမ ၇ သန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် တတိယအများဆုံး နိုင်ငံဖြစ်သည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၄၃ ဦး ထပ်မံတွေ့ရှိ

**အဒစ်အဘာဘာ ဧပြီ ၂၉**

အာဖရိကဒေသတစ်ဝန်း၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၄၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိကြောင်း အာဖရိက ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ ပြောကြားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၄၂၈၈၃၂ ဦး ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၂၁၄၁ ဦးရှိကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၈၉၂၁၃ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာခဲ့ပြီဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၃၇၇၆၂၉၈ ဦးဖြင့် ရောဂါကူးစက်မှု အများဆုံးဖြစ်သည်။ မော်ရိုကိုနိုင်ငံ၌ ၁၁၆၄၈၂၅ ဦးနှင့် တူနီးရှားနိုင်ငံ၌ ၁၀၄၀၁၉၃ ဦးတို့ အသီးသီးတွေ့ရှိရသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ရောဂါတွေ့ရှိမှု ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကဒေသသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးမြို့ရှိ ရှီရီတိုကိုကျွန်းဆွယ်၌ ပျောက်ဆုံးသွားသည့် ခရီးသည်တင် အပျော်စီးသင်္ဘောအား ပြန်လည်တွေ့ရှိ

**တိုကျို ဧပြီ ၂၉**

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော့ကိုင်းဒိုးမြို့ရှိ ရှီရီတိုကိုကျွန်းဆွယ်တွင် နစ်မြုပ်သွားသည့် အပျော်စီးခရီးသည်တင်သင်္ဘောအား ဂျပန်ကမ်းရိုးတန်းစောင့်အဖွဲ့က ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဧပြီ ၂၃ ရက်တွင် KAZU I အမည်ရှိ အဆိုပါသင်္ဘောသည် ခရီးသည် ၂၄ ဦးနှင့် သင်္ဘောသားနှစ်ဦးအား တင်ဆောင်မောင်းနှင်လျက်ရှိစဉ် ဟော့ကိုင်းဒိုးကမ်းရိုးတန်း၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတူးဖော်တွေ့ရှိသည့် သင်္ဘောသည် ပျောက်ဆုံးသွားသည့် ခရီးသည်တင်သင်္ဘောဖြစ်ကြောင်း သင်္ဘောကိုယ်ထည်တွင် ရေးသားထားသည့် စာသားများက သက်သေထူလျက်ရှိသည်ဟု တာဝန်ရှိသူများက ဆိုသည်။

အဆိုပါသင်္ဘောနစ်မြုပ်မှုနှင့်ပတ်သက်ပြီး ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၅၆၈ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဧပြီ ၂၉**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၅၆၈ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၁၉၄၆၁၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်ခဲ့သော်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၁၉၂၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၆ ဦးထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၇၂၄ ဦးရှိလာခဲ့သည်။ နိုင်ငံအတွင်းလက်ရှိ အချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၄၃၄၈၄ ဦး (လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း) ရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၁၀၁၉၀၁ ဦး (လူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း)ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ ရွှေကျင်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်လှေယာဉ်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်တွင် မကွေး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်အတွင်း ရွှေကျင်ရာတွင် အသုံးပြုသည့် တရားမဝင် ကျောက်စုပ်မော်တော်ယာဉ် ၁၁ စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅,၀၀၀,၀၀၀) ကို ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေအရ လည်းကောင်း၊ သံခွန်စက်လှေလေးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀,၀၀၀,၀၀၀)နှင့် ကုန်တင်စက်လှေ တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၅၀၀,၀၀၀) ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆,၅၀၀,၀၀၀) ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၇၀၀,၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID)နှင့် ကိုက်ညီမှုမရှိသော ကြွေထည်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈,၇၁၁,၀၀၀) ကို လည်းကောင်း၊ MIPL ဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပြီး တစ်နှစ်ကျော်လွန်သည်အထိ လာရောက်ထုတ်ယူခြင်းမရှိသော မော်တော်ယာဉ် ၂၇ စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆,၅၀၀,၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀,၉၁၁,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော Lipovitan –D တံဆိပ် အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၀၀၀,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၅၁၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၂၄၀,၄၅၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်း လိုင်စင်မဲ့ NEW BUDDY CZI 125 အမျိုးအစား ဆိုင်ကယ် တစ်စီးနှင့် KENBO 125 အမျိုးအစား ဆိုင်ကယ် တစ်စီး၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅,၈၅၁,၄၅၄) ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုးညှင်း၊ ပြည်ကြီးတံခွန်၊ ရန်ကင်းနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၉

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာအနီးတွင် အောင်ကျော်လတ်(ခ) ကိုလတ် မောင်းနှင်ပြီး လင်းမောင်(ခ)လင်းမောင်မောင်နှင့် စိုးဦး(ခ) ကြက်တောတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Ammonium Nitrate ၆,၀၀၀ ကီလိုကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၄၇(B)လမ်း ၁၂၁ လမ်း နှင့် ၁၂၂ လမ်းကြား အမှတ်(၃၉/၃)နေ ဦးတူး(ခ)ဝင်းစိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂,၀၉၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ် (၂)ရပ်ကွက် စည်ပင်လမ်းသစ်လမ်းရှိ စားသောက်ဆိုင်အနီးတွင် သက်ဦးခိုင်(ခ) ဖွာရွတ်နှင့် လှမျိုးဦး (ခ) အကြီးကောင်တို့ နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၂၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု နောင်တောကျေးရွာအနီး နောင်တရား–အောင်ပန်းသွားကားလမ်းတွင် ခွန်အောင်သိန်း မောင်းနှင်ပြီး ခွန်သန်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀,၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စိုးဦး(ခ)ကြက်တော၊ လင်းမောင်(ခ)လင်းမောင်မောင်နှင့် အောင်ကျော်လတ်(ခ)ကိုလတ်တို့အား သိမ်းဆည်းရမိသည့် Ammonium Nitrate များနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နို့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁-၅-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၉)တွင်
- ရိတ်သိမ်းဆွတ်ခူးချိန် မှန်ကန်ခြင်း၏ သီးနှံအရည်အသွေးများအပေါ် လွှမ်းမိုးနေမှု
- ဝင်ငွေတိုးဖို့ ဟင်းစားပဲတောင့်ရှည် စိုက်ကြပါစို့
- စပါးခင်းမှာ အရွက်ဖျန်းဓာတ်မြေဩဇာ ဖျန်းသင့်ပါသလား
- ဒူးရင်းသီးစိုက်ပျိုးရေးအကြောင်း တစေ့တစောင်း
- ဆိတ်မွေးမြူရေးနှင့် ဆိတ်တို့၏အကြောင်း တစေ့တစောင်း
- အကျိုးအမြတ်ရှိသော ငါးခူမွေးမြူနည်းနှင့် သားဖောက်နည်း
- အသက်ရှူလမ်းကြောင်းအတွက် အထောက်အကူပြုသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ
- ကျန်းမာစေရန် စိတ်သည်အဓိက အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊
DKY Journal

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၄-၂၀၂၂ စနေနေ့

### MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
၀၉:၄၀ ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း' (အမျိုးသားပြတိုက်)
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၄၀ တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'မျှဉ်းနှစ်ကြောင်း'
၁၃:၃၀ MRTV National News
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'သက်တန့်လေးပျိုပျို'
၁၆:၅၀ ရွှေဝယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၁၅ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၃၅ MRTV Travelogue
၁၇:၅၀ Raod to 31st SEA Games Vietnam
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုံ့ဖွက်ချက်' (အပိုင်း–၈၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဓိဘကျေးရွာ အကျိုးထူး (ဆိုး၊ငိုး၊ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး)

### mitv

07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:07 Weekly Review
07:22 Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong- Preliminary Performace by Female Dancers
07:31 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
07:37 Myanmar Traditional Snacks: Sago Syrup with Sweet Potato
07:43 Myanmar Family Life: Rest & Recreation at the Zoo
08:01 Quiz Time (Ep-13)
09:01 News
09:24 Global Partnership for Brighter Future: Andorra Pavilion at Expo 2020 Dubai
09:36 Tahbuhla Dam & Oakkan Chaungtha
09:46 Daingnak Style

### MRTV NRC

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
အာဟာရပြည့်အတွေ့ချက်
မွန် (၁၀:၀၀ မှ ၁၂:၀၀)
မွန်ရိုးရာတူရိယာ
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
ပြုံးပဒေသာ (မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း–၁၂)
ဝ (၁၆:၀၀ မှ ၁၈:၀၀)
ဒိုမာဆန်ပြုတ်ချက်နည်း
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
ကြက်ဆန်လှော်
ကယား (၂၀:၀၀ မှ ၂၂:၀၀)
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း–၂)
ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)
သဲသောမှုသဲသောခွါး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၀၉:၁၅ ၅၇ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၅)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း–၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း–၅)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ မြန်မာ့ရွှေဖြူ
၀၇:၀၀ ဆေးပင်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၄၅ ရွှေဘိုမြို့မှပေါ်ဆန်းစပါး
၀၈:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၈:၁၀ သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး
၀၉:၄၅ တောင်သူများအတွက်အကျိုးတူပူးပေါင်းဆောင်ရွက်မြန်မာ့သရက်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိုးညှင်းမြို့နယ်၌ အကြမ်းဖက်အဖွဲ့က ဒရုန်းယာဉ်ဖြင့် ဗုံးကိုချိတ်ဆွဲ၍ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ပစ်ချဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပြီး သံဃာတော်တစ်ပါး၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသားသုံးဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၉**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

**ဗုံးစထိမှန်ဒဏ်ရာရ**

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မေ ၂၈ ရက် ည ၆ နာရီ ၄၅ မိနစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန့်စလော်ကျေးရွာရှိ "ဒက္ခိဏဝန်မန်" (တောင်ကျောင်း)ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းယာဉ်ဖြင့် ဗုံးတစ်လုံးကိုချိတ်ဆွဲ၍ ပစ်ချဖောက်ခွဲခဲ့ပြီး ငါးမိနစ်ခန့်အကြာတွင် ထပ်မံ၍ ဗုံးတစ်လုံးပစ်ချဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အဆိုပါ ဗုံးနှစ်လုံးမှာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ အလှူပွဲအတွက် ချက်ပြုတ်ပြင်ဆင်နေသည့် နေရာအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် ကျောင်းတိုက်နေဆရာတော် ဦးဝိမလ သက်တော် (၇၈)နှစ်၊ ဝါတော် (၂၅)ဝါနှင့် အဆိုပါကျေးရွာနေ ဦးသန်းထွန်း (၅၂)နှစ်၊ ဦးအောင်ကြီး (၆၈)နှစ်၊ ဦးမြကြီး (၈၃)နှစ်၊ မောင်ခွာတ်စံ (၅)နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။





ဦးဝိမလ (ဒဏ်ရာရ)

အဆိုပါ ဖြစ်စဉ်တွင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိသည်။

**သတင်းစဉ်**



ဦးအောင်ကြီး (ဒဏ်ရာရ)



ဦးမြကြီး (ဒဏ်ရာရ)





# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းတို့ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လယ်ကျင်းဦးကျေးရွာနေ မင်းသိန်းသည် ၎င်းအသုံးပြုသည့် "Min Thein" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွာသစ်ရပ်ကွက်နေ ဆန်းညွန့်သည် ၎င်းအသုံးပြုသည့် "Sann Nyunt" Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရပ်ကွက်နေ မေအေးဝင်း (ခ)ဂျက်ကလင်းသည် ၎င်းအသုံးပြုသည့် "May Aye Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကပ်ပန်ကျေးရွာနေ မောင်စိုးသည် ၎င်းအသုံးပြုသည့် "Mg Soe" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်နေသူများဖြစ်သည့် ထက်ရာဇနှင့် ဖူးပွင့်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Htet Yarza" Facebook အကောင့်နှင့် "Phoo Pwint Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲမျိုးစုံနှင့် ကျန်းမာရေး

တင်ထက်ထက်ဇော်

မြန်မာနိုင်ငံတွင် ပဲအမျိုးမျိုးစိုက်ပျိုးစားသုံးလျက်ရှိကြရာ ၎င်းတို့အနက် စားသုံးမှုအများဆုံးဖြစ်ကြသော ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ စားတော်ပဲ၊ မတ်ပဲနှင့် ပဲတီစိမ်း စသည့် ပဲအမည်တစ်မျိုးချင်းစီ၏ လူသားတို့အတွက် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်းကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြလိုပါသည်။



## ကုလားပဲ

ကုလားပဲတွင် အာဟာရဓာတ်ပေါကြွယ်ဝလှသည့်အပြင် ဈေးနှုန်းချိုသာပြီး အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် "ဆင်းရဲသားအမဲ (Poor Man's Beef)"ဟု ခေါ်စမှတ်ပြုကြပါသည်။ အဘယ်ကြောင့်ဆိုသော် အမဲသားနှင့် ကုလားပဲတို့တွင် တူညီသောအာဟာရဓာတ်ကို ရရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် ကုလားပဲတွင် ကစီဓာတ်နှင့် အသားဓာတ်တို့ အဓိကပါဝင်နေကြသည်။ ကာဗိုဟိုက်ဒရိတ် (ခေါ်) ကစီဓာတ်ကို ကော်ဓာတ်ဟုခေါ်သည်။ ကစီဓာတ်က ခန္ဓာကိုယ်ကြီးထွားရေးအတွက် မဖြစ်မနေလိုအပ်သကဲ့သို့ သွားလာလှုပ်ရှားမှုနှင့် အသက်ရှင်နေထိုင်မှုတို့အတွက် အင်အားအများဆုံးပေးသောဓာတ်လည်းဖြစ်ပါသည်။ ထို့မျှမက ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေ၍ ခန္ဓာကိုယ်မွမ်းမံမှု၊ သွေးသားညီညွတ်မှုတို့ကိုလည်း ၎င်းကစီဓာတ်က စွမ်းဆောင်ပေးနိုင်သည်။ အသားဓာတ်က ခန္ဓာကိုယ်တည်ဆောက်ရေးအတွက် မဖြစ်မနေလိုအပ်သောဓာတ်ဖြစ်သည်။ လူသားတို့ အသက်ရှင်ရေးအတွက် ရေကလွဲလျှင် ဒုတိယမြောက် အရေးအကြီးဆုံးဓာတ်မှာ အသားဓာတ် ဖြစ်သည်။ ခန္ဓာကိုယ်တောင့်တင်းရေး၊ အသားတည်ဆောက်မှု အားပေးရေး၊ သွေးသားဆူဖြိုးတိုးတက်စေရေး၊ ဦးနှောက်၊ နှလုံးအသားမျှင်များ၊ ကျောက်ကပ်နှင့် အကြောများမပျက်စီးစေရန်နှင့် ရောဂါဘယများ အလွယ်တကူ မကျရောက်စေရန် ကာကွယ်ရေးလုပ်ငန်းများကို အသားဓာတ်က တာဝန်ယူဆောင်ရွက်ပေးပါသည်။ ကလေးများတွင် အသားဓာတ်မလုံလောက်ပါက ကြီးထွားမှုရပ်ဆိုင်းပြီး အရပ်ပုကာ လူစဉ်မမီဖြစ်တတ်သလို အရွယ်ရောက်ပြီးသူများတွင်လည်း အသားဓာတ်လုံလောက်စွာမရရှိပါက အင်အားကုန်ခန်းပြီး ကိုယ်စိတ်နှလုံး ပင်ပန်းခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ရောဂါရလွယ်ခြင်းတို့ ဖြစ်တတ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်၏ ပျက်စီးချို့ယွင်းနေသော အသားအရေရုပ်ကလာပ်များကို ပြန်လည်ဖွဲ့စည်းထူထောင်ပေးသည့် အသားဓာတ်အရင်းအမြစ်ဖြစ်သော ကုလားပဲကို စားသုံးပေးသင့်ပါသည်။

> ပဲပုပ်တွင်ပါရှိသော ပရိုတင်းပမာဏသည် အမဲသားထက်နှစ်ဆ၊ ကြက်ဥထက်သုံးဆ၊ နွားနို့ထက် ဆယ့်တစ်ဆပိုမိုသည်။ ပဲပုပ်တွင် ကစီဓာတ်ပါဝင်မှု လွန်စွာနည်းသဖြင့် အဝလွန်သူများနှင့် ဆီးလွန်ရောဂါရှိသူများအတွက် ကောင်းကျိုးပြုပါသည်။ ပဲပုပ်က ပိန်သောသူကို ဝဖြိုးစေခြင်း၊ အသားအရေကို အရွယ်တင်နုပျိုစိုပြည်စေခြင်း၊ ဝမ်းချုပ်ရောဂါကို ကုသနိုင်ခြင်း၊ ကြွက်သား၊ အရေပြားနှင့် အကြောများကို အားကောင်းစေခြင်း၊ ခန္ဓာကိုယ်တွင်း အပူဓာတ်ဖြည့်ပေး၍ အားပြည့်စေခြင်း၊ . . . . . စသည်ဖြင့် ကောင်းကျိုးပြု

## ပဲစင်းငုံ

ပဲစင်းငုံကို ကုလားပဲလောက် လူသုံးမများသော်လည်း ကုလားပဲထက် လူနှင့် ပိုတည့်သည်ဟု ရှေးလူကြီးသူမများက အယုံအကြည်ရှိကြသည်။ ပဲစင်းငုံထဲတွင် ပိုတက်စီယမ်သတ္တုဓာတ် အဓိကအများဆုံးပါရှိပြီး ၎င်းဓာတ်က ခန္ဓာကိုယ်ထဲ ရောက်သွားသောအခါ ဓာတ်ပြုပြီးနောက် သွေးဖိအားကို လျှော့ချပေးပါသည်။ ထို့ကြောင့် သွေးတိုးရောဂါရှိသူများအနေဖြင့် ပဲစင်းငုံကို နေ့စဉ်စားပေးသင့်သည်။ ပရိုတင်းဓာတ်အပြည့်အဝပါရှိသည့် ပဲစင်းငုံကို စားပေးခြင်းဖြင့် ဆဲလ်များ၊ တစ်သျှူးများ၊ ကြွက်သားများနှင့် အရိုးများကို ကောင်းစွာတည်ဆောက်စေကာ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေပါသည်။ အထူးသဖြင့် ခန္ဓာကိုယ်ထဲရှိ ဆဲလ်အသစ်များတည်ဆောက်မှုကို အားပေးသည်။ ပဲစင်းငုံတစ်ခွက် နေ့စဉ်စားပေးခြင်းဖြင့် ပရိုတင်း ၁၁ ဂရမ်ကို ရရှိနိုင်ပါသည်။ ဖောလိပ်ဓာတ်ကြွယ်ဝသဖြင့် သွေးအားနည်းရောဂါ မဖြစ်စေတော့ပေ။ ထို့ပြင် မွေးရာပါဖောလိပ်ဓာတ်ချို့တဲ့ခြင်းကလည်း အာရုံကြောအားနည်းခြင်းကို ဖြစ်စေနိုင်သည်။ ထိုအခါ ပဲစင်းငုံစားပေးခြင်းဖြင့် သွေးအားနည်းရောဂါနှင့် အာရုံကြောအားနည်းခြင်းမဖြစ်အောင် ကာကွယ်ပေးထားနိုင်ပါသည်။ အရွယ်ရောက်ပြီးသူလူတစ်ယောက်အတွက် တစ်နေ့တာ ဗီတာမင်ဓာတ်လိုအပ်ချက်ပမာဏကို တစ်ခွက်စာပမာဏရှိသော ပဲစင်းငုံထဲမှ လုံလောက်စွာရရှိနိုင်ပါသည်။ ပဲစင်းငုံအစေ့၊ အရွက်နှင့် အသီးထဲတွင် အော်ဂဲနစ်ဓာတ်ပေါင်းစုများ ပါရှိနေသဖြင့် ခန္ဓာကိုယ်ရောင်ရမ်းနာများကို ကောင်းစွာကုသပေးနိုင်သည်။ ပဲစင်းငုံက ကိုယ်အလေးချိန်ကျစေခြင်း၊ ကိုယ်ခံအားကောင်း၍ ခွန်အားတိုးပွားစေခြင်း၊ နှလုံးနှင့် နှလုံးသွေးကြောများကို ကျန်းမာစေခြင်း၊ အစာခြေစနစ်ကျန်းမာစေခြင်း စသည်တို့အတွက်ကိုလည်း ကောင်းကျိုးပြုပေးနိုင်ပါသည်။

## ပဲပုပ်

ပဲပုပ်အမျိုးမျိုးရှိသည့်အနက် "ရွှေဝါ" ခေါ် ပဲပုပ်မျိုးသည် ပိုမွှေးပိုဆိမ့်သောအရသာထူး၍ ရှမ်းပြည်နယ်၌ ၁၉၅၅ ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးခဲ့ပါသည်။ ပဲပုပ်တွင် ခွန်အားနှင့် သွေးနီအားကို တိုးတက်စေသော သံဓာတ်အလုံအလောက်ပါရှိနေသဖြင့် သက်သတ်လွတ်စားသူများအတွက် သံဓာတ်ဖြည့်စွက်စာအဖြစ် အားကိုးထိုက်ပါသည်။ ပဲပုပ်တွင်ပါရှိသော အသားဓာတ် (ခေါ်) ပရိုတင်းဓာတ်က အခြားသောသီးနှံပင်များထဲရှိ ပရိုတင်းဓာတ်မျိုးနှင့်မတူဘဲ သာလွန်ကောင်းမြက်သော ပထမတန်းစားပရိုတင်းဓာတ်ဖြစ်သည်။ ၎င်းပရိုတင်းဓာတ်သည် အမဲသား၊ ကြက်ဥနှင့် နွားနို့တွင်ပါရှိသော ပရိုတင်းဓာတ်နှင့် အမျိုးအစားတူညီရုံမျှမက ပဲပုပ်တွင် ပရိုတင်းဓာတ်ပါဝင်မှု ပိုများသည်။ ထူးခြားချက်မှာ ပဲပုပ်တွင်ပါရှိသော ပရိုတင်းပမာဏသည် အမဲသားထက်နှစ်ဆ၊ ကြက်ဥထက်သုံးဆ၊ နွားနို့ထက် ဆယ့်တစ်ဆ ပိုမိုသည်။ ပဲပုပ်တွင် ကစီဓာတ်ပါဝင်မှု လွန်စွာနည်းသဖြင့် အဝလွန်သူများနှင့် ဆီးလွန်ရောဂါရှိသူများအတွက် ကောင်းကျိုးပြုပါသည်။ ပဲပုပ်က ပိန်သောသူကို ဝဖြိုးစေခြင်း၊ အသားအရေကို အရွယ်တင်နုပျိုစိုပြည်စေခြင်း၊ ဝမ်းချုပ်ရောဂါကို ကုသနိုင်ခြင်း၊ ကြွက်သား၊ အရေပြားနှင့် အကြောများကို အားကောင်းစေခြင်း၊ ခန္ဓာကိုယ်တွင်း အပူဓာတ်ဖြည့်ပေး၍ အားပြည့်စေခြင်း၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်နှင့် အစာအိမ်တို့ကို ကျန်းမာစေခြင်း၊ ဗီတာမင်အေဓာတ်ကြွယ်ဝ၍ မျက်စိအားကောင်းစေခြင်း၊ ဦးနှောက်နှင့် အာရုံကြောများကို အားပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ ထို့ပြင် အရိုးနှင့် သွားများကို ခိုင်မာစေခြင်း၊ အရိုးကြီးထွားမှုကို အားပေးခြင်း၊ ကိုယ်ခန္ဓာထွားကျိုင်းစေခြင်းတို့ကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ပဲပုပ်ကို မဖြစ်မနေစားပေးသင့်ပါသည်။ ပဲပုပ်ကို အပူပေး၍ ချက်ပြုတ်ထုတ်လုပ်သော ပဲနို့ဒိန်ခဲကို နွားနို့ဒိန်ခဲနှင့် နှိုင်းယှဉ်ကြည့်ပါက ပဲနို့ဒိန်ခဲက အနံ့အရသာတွင် သာလွန်ကောင်းမွန်သည်။ ထို့ပြင် ပဲနို့ဒိန်ခဲကလည်း နွားနို့ဒိန်ခဲနည်းတူ လူသားတို့၏ အစာအိမ်နှင့် အူလမ်းကြောင်းကို အကျိုးပြုပေးသော ပိုးမွှားလေးများပါရှိနေပြီး ထူးခြားချက်မှာ ပဲနို့ဒိန်ခဲထဲရှိ ၎င်းအကျိုးပြုပိုးမွှားလေးများက အရွယ်အစားပိုကြီးကာ ပို၍လည်း အစွမ်းထက်မြက်ကြောင်း လေ့လာသိရှိရပါသည်။

## စားတော်ပဲ

စားတော်ပဲပြုတ်တွင် လူသားတို့ကျန်းမာရေးကို အထောက်အကူဖြစ်စေသော ဗီတာမင်နှင့် သတ္တုဓာတ်တို့ အလုံအလောက်ပါရှိပြီး ဘေးဖြစ်စေတတ်သော ကိုလက်စထရော လုံးဝမပါရှိသည့်အတွက် နေ့စဉ်စားသုံးပေးသင့်သော အာဟာရဖြစ်ကြောင်း USDA (ခေါ်) အမျိုးသားအာဟာရပြုစစ်တမ်းများနှင့် WHFoods တို့က အခိုင်အမာထောက်ခံထားကြပါသည်။ ပဲပြုတ်ထဲတွင် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှု မရှိသလောက် လွန်စွာနည်းပါးသော်လည်း အာဟာရဓာတ်ကြွယ်ဝသောကြောင့် ကိုယ်ခန္ဓာအလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများ မှီဝဲစားသုံးသင့်သည်။ ပဲပြုတ်တွင် ချေဖျက်လွယ်သော အမျှင်ဓာတ်အမြောက်အမြားပါရှိနေကြပြီး ၎င်းဓာတ်များက အစာခြေလမ်းကြောင်းအတွင်း အစာကို လှုပ်ရှားရွေ့လျားစေသည့် အလိုအလျောက် ကြွက်သားလှုပ်ရှားမှုကို အားပေးသဖြင့် ဝမ်းချုပ်ခြင်းမှကာကွယ်ပေးပါသည်။ စားတော်ပဲပြုတ်တွင် nicotinic အက်စစ်ပါရှိသဖြင့် သွေးထဲရှိမကောင်းသော LDL ကိုလက်စထရောကို လျှော့ချပေးနိုင်သည်။ စားတော်ပဲက သံဓာတ်အရင်းအမြစ်ဖြစ်ခြင်းကြောင့်သွေးနီဥဆဲလ်များကိုကောင်းစွာတည်ဆောက်စေကာ သွေးအားနည်းရောဂါနှင့် အလွန်အမင်းမောပန်းခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါသည်။ ထို့ပြင် အဆုတ်ထဲရှိအောက်ဆီဂျင်ကို ခန္ဓာကိုယ်အနှံ့ပို့ဆောင်ပေးသည်။

စားတော်ပဲတွင် lutein နှင့် carotenoid တို့ပါရှိနေသဖြင့် ပဲပြုတ်ကို ပုံမှန်စားသုံးသောသူများသည် အသက်အရွယ်ကြီးရင့်လာခြင်းကြောင့် ဖြစ်တတ်သော မျက်စိရောဂါအမျိုးမျိုးနှင့် မျက်စိရေတိမ်ရောဂါဖြစ်နိုင်ခြေအလားအလာကို လျှော့ချပေးနိုင်ပါသည်။ စားတော်ပဲပြုတ်တစ်ခွက်စာပမာဏထဲတွင် ဗီတာမင်ကေ ၄၄ ရာခိုင်နှုန်း ပါရှိသည့်အပြင် ဗီတာမင်ဘီလည်း အပြည့်အဝပါရှိသဖြင့် အရိုးကျန်းမာသန်စွမ်းစေကာ ဟော်မုန်းအပြောင်းအလဲကြောင့် အရိုးကြွပ်ဆတ်ခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် ကလေး၊ လူကြီးများသာမက ကိုယ်ဝန်ဆောင်မိခင်လောင်းများပါ ပဲပြုတ်ကို စားပေးသင့်သည်။ ထို့ပြင် စားတော်ပဲက သွေးထဲရှိ သကြားပမာဏကို ပုံမှန်ဖြစ်စေခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သောခွန်အားများကို ထုတ်လုပ်ပေးခြင်း၊ ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးခဲခြင်းမှကာကွယ်ခြင်း၊ နှလုံးကျန်းမာစေခြင်း၊ အစာအိမ်ကင်ဆာ၊ လေပြွန်ဖောင်းပွသည့်ရောဂါ၊ မှက်ခရုရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်အကြိုဇရာရောဂါတို့ကို ကာကွယ်ပေးခြင်းဖြင့် ကောင်းကျိုးပြုပါသည်။ ဖောလိပ်ဓာတ်အရင်းအမြစ်စုဝေးရာ စားတော်ပဲပြုတ်ကို ကိုယ်ဝန်ဆောင်မိခင်များ စားပေးခြင်းဖြင့် မွေးဖွားလာသောကလေးငယ်များတွင် မွေးရာပါ ဦးနှောက်နှင့် အာရုံကြောဝေဒနာများ ဖြစ်နိုင်ခြေအလားအလာ နည်းပါးစေသည်။ အမျိုးသမီးများ သွေးဆုံးကိုင်မဖြစ်စေပါ။

## မတ်ပဲ

မတ်ပဲတွင် ဗီတာမင်၊ ပရိုတင်း၊ သတ္တုဓာတ်စသည်တို့အမြောက်အမြားပါဝင်နေသောကြောင့် လူသားတို့ကျန်းမာရေးအတွက် အရေးပါသောပဲတစ်မျိုးဖြစ်ပါသည်။ မတ်ပဲသည် သံဓာတ်ပြည့်ဝသော ကောက်ပဲသီးနှံတစ်မျိုးဖြစ်၍ ခွန်အားဖြစ်စေသည်။ အထူးသဖြင့် သံဓာတ်အားနည်း၍ ဓမ္မတာမမှန်သော အမျိုးသမီးများ မဖြစ်မနေစားပေးသင့်သည်။ မတ်ပဲတွင် ကျေညက်လွယ်သော အမျှင်ဓာတ်နှင့် ကျေညက်ခဲသော အမျှင်ဓာတ်ဟူ၍ အမျှင်ဓာတ်နှစ်မျိုး ကြွယ်ဝစွာပါရှိနေကြပြီး ၎င်းအမျှင်ဓာတ်များက အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးသည်။ ဖောလစ်အက်စစ်နှင့် မဂ္ဂနီစီယမ်ဓာတ်တို့ မတ်ပဲတွင်ပါရှိသဖြင့် နှလုံးကျန်းမာအောင် အထောက်အကူပြုပေးနိုင်ပါသည်။ ထို့ပြင် မတ်ပဲက ခန္ဓာကိုယ်ထဲရှိ မကောင်းသောကိုလက်စထရောကို ကျစေသည်။ ထို့ပြင် မတ်ပဲနှင့် ထောပတ်ကြော်စားပေးခြင်းဖြင့်

စာမျက်နှာ ၁၇ သို့ ◆

* ကျောဖုံးမှ

ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်နေ ဦးနေမင်းထွန်း(၄၂)နှစ်တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဒေါ်ဝင်းဝင်းမော်(၅၂)နှစ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဦးသက်ဇော်ဦး(၄၈)နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပုံရေကျော်ကျေးရွာနေ ဦးဇာနည်နိုင်(၃၀)နှစ်၊ ပန်းတနော်မြို့နယ် ကျုံတစ်ချောင်းကျေးရွာနေ ဦးအောင်အောင်ထက်(၂၈)နှစ်၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာနေ ဒေါ်မီသူလွင်(၃၂)နှစ်၊ ပုလောမြို့နယ် လက်ကျူးကျေးရွာနေ ဦးမြင့်စိုး(၃၇)နှစ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျောက်မြောင်းကျေးရွာနေ ကိုအောင်လင်းထွေး (၁၉)နှစ်၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာနေ ဒေါ်စန်းစန်းမော်(၃၁)နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မိချို(၅၆)နှစ် (ဘ)ဦးဘိုနီ၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးရဲတင့်(၄၈)နှစ်နှင့် ယာဉ်မောင်း ဦးတေဇာအောင်တို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အလားတူ အဆိုပါအကြမ်းဖက်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အထက်ပါ အခင်းဖြစ်ပွားခဲ့သည့်နေရာတွင် ယာဉ်မောင်း ဦးဇော်မင်းဦး(၄၂)နှစ် မောင်းနှင်ပြီး ရန်ကုန်မှ ထားဝယ်သို့ ထွက်ခွာလာသည့် “ရွှေလီရတနာ” ယာဉ်လိုင်းမှ ယာဉ်အမှတ်(စိစစ်ဆဲ) ခရီးသည်တင်ယာဉ်အား ထပ်မံ၍ မိုင်းဆွဲတိုက်ခိုက်ကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ ဦးဘိုဘိုဇော်(၂၉)နှစ်နှင့် ပုလောမြို့နယ် လက်ကျူးကျေးရွာနေ ဦးသန်းစိုး(၄၁)နှစ်တို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ ဦးထင်အောင်(၃၇)နှစ်၊ မထွေးထွေးမာ(၃၄)နှစ်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းဝင်း(၃၉)နှစ်၊ ဦးသန်းဌေးအောင်(၄၇)နှစ်၊ ဦးကြည်သန်း(၄၉)နှစ်၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်နေ ဦးရဲထိုက်အောင်(၂၁)နှစ်၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာနေ ဦးဝင်းကြည်(၇၄)နှစ်၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်နေ ဦးဇော်မင်းလေး(၃၁)နှစ်၊ ဦးအောင်ကျော်သန်း(၄၅)နှစ်၊ ဦးမိုးကျော်ဟိန်း(၃၃)နှစ်၊ ဦးနေဝင်း(၃၅)နှစ်၊ ဦးမောင်သိန်းနု(၄၅)နှစ်၊ ဦးမောင်သိန်းလှိုင်(၂၇)နှစ်၊ အမ်းမြို့နယ်နေ ဦးဇော်ဇော်ဝင်း(၃၂)နှစ်၊ ဦးစံရှားအောင်(၄၂)နှစ်၊ မြောက်ဦးမြို့နယ်နေ ကိုနိုင်နိုင်(၂၃)နှစ်နှင့် ယာဉ်မောင်း ဦးဇော်မင်းဦးတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ သေဆုံး/ဒဏ်ရာရရှိသူများအား ပုလောမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် ခရီးသည်တင်ယာဉ်များအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ကာ အပြစ်မဲ့ ခရီးသွားပြည်သူများကို သေဆုံး/ဒဏ်ရာများရရှိစေသူ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေး နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်-မြိတ် ခရီးသည်တင် မော်တော်ယာဉ်နှစ်စီးအား ပုလောမြို့နယ် သစ်လှတောကျေးရွာအနီး မိုင်းထောင်ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုမြေပုံ။














တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ် နှစ်စီးအား မိုင်းထောင်ဖောက်ခွဲ၍ သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခံရမှု မှတ်တမ်းဓာတ်ပုံများ။

◆ စာမျက်နှာ ၁၆ မှ

နို့တိုက်မိခင်များအတွက် နို့ထွက်အားကောင်းစေသည်။ ပရိုတင်းဓာတ်အရင်းအမြစ်ဖြစ်သည့် မတ်ပဲကိုစားပြီးနောက် ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားလာကာ ကြွက်သားတစ်သျှူးများကို ခွန်အားဖြစ်စေသည်။ ထမင်းကဲ့သို့ အစားအစာများစားပြီးနောက် သွေးထဲမှ ဂလူးကို့စ်ပမာဏကို မတ်ပဲက ထိန်းညှိပေးနိုင်သည်။ ဆီးချိုရောဂါဖြစ်ခါစ လူနာများအနေဖြင့် မတ်ပဲဖြင့်လုပ်ထားသော ပဲပင်ပေါက်လက်တစ်ဆုပ်စာပမာဏကို ကြက်ဟင်းခါးသီးအနေတော်အရွယ်တစ်လုံးဖြင့်ကြိတ်၍ ဖျော်သောက်ပေးပါ။ ဤဆေးအား တစ်နေ့တစ်ကြိမ်နှုန်းဖြင့် လေးလခန့်ကြာအောင် စွဲသောက်ပေးခြင်းဖြင့် ဆီးချိုရောဂါကို အမြစ်ပြတ်စေနိုင်ပါသည်။ မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိမေ့လျော့ခြင်း စသည့် အာရုံခံအင်္ဂါအဖွဲ့အစည်းပြဿနာများအတွက် မတ်ပဲက လွန်စွာကောင်းကျိုးပြုသည်။ ထို့ပြင် အဆစ်အမျက်ရောင်ရမ်းခြင်းများ သက်သာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ အဆီကျစေခြင်း၊ အရိုးအားကောင်းစေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း မတ်ပဲကိုဖြည့်စွက်စာအဖြစ် စားသုံးပေးသင့်ပါသည်။

**ပဲတီစိမ်း**

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံကို ဧက ၁၀ သန်းနီးပါးစိုက်ပျိုးလျက်ရှိရာ ၎င်းတို့အနက် ပဲတီစိမ်းစိုက်ဧကမှာ အများဆုံးဖြစ်သည်။ ပဲတီစိမ်းကို ပြည်ပပို့ကုန်တွင် အားကိုးရပြီး ပြည်တွင်းစားသုံးမှုအတွက်ကိုလည်း အားထားရသောသီးနှံဖြစ်သည်။ ပဲတီစိမ်းတွင် လူကိုဘေးဖြစ်စေသောအဆီလုံးဝမပါရှိပေ။ တစ်အောင်စအလေးချိန်ရှိသော ပဲတီစိမ်းတွင်ပါရှိသည့် ပရိုတင်းဓာတ်သည် ၎င်းနှင့်အလေးချိန်တူ ကြက်သား သို့မဟုတ် ကြက်ဆင် သို့မဟုတ် ဆယ်လ်မွန်ငါး တစ်အောင်စထဲတွင်ပါရှိသော ပရိုတင်းဓာတ်ပမာဏနှင့် ထပ်တူညီမျှနေပြီး ကြက်ဥပြုတ်တစ်လုံး၏ ပရိုတင်းပမာဏနှင့်လည်း ထပ်တူညီကြောင်း သိရသည်။ ပဲတီစိမ်းရှိ ကော့ပါးဓာတ်က လူ့ခန္ဓာကိုယ် အသားအရေအတွက် အရွယ်တင်နုပျိုစေသော လျှို့ဝှက်ချက်ဖြစ်ပါသည်။ ပဲတီစိမ်းကို နံနက်စာအာဟာရအဖြစ် နေ့စဉ်စားသုံးပေးခြင်းဖြင့် မျက်နှာပေါ်က အမည်းစက်ပြောက်များနှင့် အရေးအကြောင်းများကို လျော့ပါးသက်သာစေသည်။ ယနေ့ကမ္ဘာတွင် လူသားများ နေထိုင်စားသောက်မှုစနစ်မကျခြင်းကြောင့် ကျန်းမာရေးဆုတ်ယုတ်နေကြသည်။ ပဲတီစိမ်းက အစာခြေစနစ်ကိုကောင်းမွန်စေပြီး ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေသဖြင့် သွေးလွှတ်ကြောများနှင့် ဆံချည်မျှင်သွေးကြောငယ်များအတွင်း ကိုလက်စထရောများ အနည်ကျပိတ်ဆို့ခြင်းကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ကိုလက်စထရောကြောင့် နှလုံးရောဂါဖြစ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ ပဲတီစိမ်းပုံမှန်စားပေးခြင်းက အစာကျေညက်လွယ်ခြင်း၊ အရိုးအားကောင်းစေခြင်း၊ သွားနှင့် သွားဖုံးကျန်းမာစေခြင်း၊ သွေးတိုးရောဂါမှ ကာကွယ်ပေးခြင်း၊ စိတ်အာရုံခံစွမ်းအား တိုးပွားစေခြင်း၊ ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေခြင်း၊ ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ပြေပျောက်စေခြင်း၊ ကင်ဆာရောဂါများကို နှိမ်နင်းပေးခြင်း၊ သကြားပမာဏကို ထိန်းညှိပေးခြင်း၊ အမြင်အာရုံကောင်းစေခြင်း၊ အသည်းကျန်းမာစေခြင်း၊ ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ကာကွယ်ပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါသည်။

**ပြည်ပပို့ကုန် မြန်မာ့ပဲမျိုးစုံ**

ပြည်ပပို့ကုန်ကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍမှာ အားထားရသည့်ကဏ္ဍတစ်ခုဖြစ်နေသကဲ့သို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍတွင်လည်း ပဲမျိုးစုံတင်ပို့မှုမှာ အားထားရသည့်ကဏ္ဍတစ်ခု ဖြစ်နေပါသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၉၂၇ ဒသမ ၀၆၅ သန်း ရရှိခဲ့ရာ လယ်ယာထွက်ကုန်တင်ပို့မှုကဏ္ဍမှ အမေရိကန်ဒေါ်လာ ၄၆၂၂ ဒသမ ၉၆၉ သန်း ရရှိခဲ့ကြောင်းနှင့် ၎င်းပမာဏအနက် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်း ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ထို့ပြင် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လတာကာလအတွင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၁၇ ရက်နေ့အထိ ပဲမျိုးစုံတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄၆၇ သန်း ရရှိခဲ့ပြီး ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့ရောင်းချပေးခဲ့ကြောင်း လေ့လာသိရပါသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့ပဲမျိုးစုံမှ နိုင်ငံခြားဝင်ငွေအမြောက်အမြား ဖော်ဆောင်နိုင်သဖြင့် ပဲစိုက်တောင်သူများအနေဖြင့် ယခုထက်ပို၍တိုးချဲ့စိုက်ပျိုးသင့်သလို နိုင်ငံတော်အနေဖြင့်လည်း ပဲစိုက်တောင်သူများအတွက် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်စေလိုပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၄၆,၃၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၂,၈၆၄) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၇၉၄) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၄၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၇) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၉) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၅၉) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၂၇) ခု | (၅) ဦး |
| စုစုပေါင်း | (၁၀,၅၇၃) ခု | (၂၁) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၉၅၄၇၆၈ | ၈၀၆၂၃၄၃၃ | ၁၀၂၀၁၅၉ |
| ၂။ | အိန္ဒိယ | ၄၃၁၀၇၂၄၈၆ | ၄၂၅၃၀၆၂၂ | ၅၂၄၅၃၃ |
| ၃။ | ဘရာဇီး | ၃၀၉၁၈၉၂၀ | ၂၉၄၉၉၄၂၂ | ၆၆၃၂၈၉ |
| ၄။ | ပြင်သစ် | ၂၈၅၄၂၈၈၄ | ၂၆၅၅၂၃၂၀ | ၁၄၅၇၁၁ |
| ၅။ | ဂျာမနီ | ၂၄၆၈၃၆၄၆ | ၂၂၂၂၇၆၀၀ | ၁၃၅၇၆၆ |
| ၆။ | ဗြိတိန် | ၂၂၀၂၅၉၂၅ | ၂၁၁၃၀၈၅၇ | ၁၇၄၆၉၆ |
| ၇။ | ရုရှား | ၁၈၁၀၇၄၉၉၁ | ၁၇၅၂၈၉၆၃ | ၃၇၅၇၂၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၁၉၄၆၁၆ | စိစစ်ဆဲ | ၂၂၇၂၄ |
| ၉။ | အီတလီ | ၁၆၃၄၉၇၈၈ | ၁၄၉၃၇၇၃၈ | ၁၆၃၂၄၄ |
| ၁၀။ | တူရကီ | ၁၅၀၂၈၃၉၇ | ၁၄၉၂၇၉၇၅ | ၉၈၇၅၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၄၄၇၀၀ | ၉၂၄၅၅၂၈ | ၄၃၀၃၈ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၆၄၆၇ | ၅၈၈၂၀၆၂ | ၁၅၆၂၄၀ |
| ၃။ | မလေးရှား | ၄၄၄၃၃၁၈ | ၄၃၅၄၀၀၆ | ၃၅၅၃၆ |
| ၄။ | ထိုင်း | ၄၂၃၈၀၆၁ | ၄၀၅၃၇၅၁ | ၂၈၄၀၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၅၄၀၃ | ၃၆၁၆၇၀၉ | ၆၀၃၀၅ |
| ၆။ | စင်ကာပူ | ၁၁၉၃၂၅၀ | ၁၁၂၆၄၄၈ | ၁၃၃၄ |
| ၇။ | မြန်မာ | ၆၁၂၈၆၄ | ၅၉၁၇၉၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၇၁၉၆ | ၂၀၅၃၇၈ | ၇၅၃ |
| ၉။ | ဘရူနိုင်း | ၁၄၁၇၄၈ | ၁၄၀၇၁၁ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၄၆ | ၁၃၃၀၅၀ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၇ ဒသမ၂၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၉

စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် မြောက်ပိုင်းခရိုင်တာဝန်ခံ ဦးဘိုကြည်က စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်တာဝန်ခံတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ပုတီးတစ်ကုံးနှင့် ချိန်းကြိုးတစ်ခု

ဆင်ဖြူကျွန်းအောင်သိန်း

(၂၃-၄-၂၀၂၂ ရက်နေ့မှ အဆက်)

"လာကြပါဦးဗျို့၊ လင်မယားနှစ်ယောက် ဝိုင်းပြီးသတ်နေကြပါတယ်ဗျို့"

ထွန်းရင်သည် ရောက်တတ်ရာရာ အော်လေ၏။ လှမေရော ဘညိန်းကိုပါ ခြေဖြင့်ကန် လက်ဖြင့်တွန်း၍ ထပြေး၏။ ပုဆိုးသည် လှမေ၏လက်ထဲ၌ ကွင်းလိုက် ကျွတ်ကျန်ခဲ့သည်။

"အားဟားဟား ရှူးဟဲ့ ရှူးဟ"

လှမေမှာ အူတက်မတတ်ရယ်မောနေရသဖြင့် ဘာမျှမအော်နိုင်။ ဘညိန်းကသာ ရယ်တစ်ဝက် အော်တစ်ဝက်ဖြင့် ခွေးတစ်ကောင်ကို ရှူးတိုက်သံမျိုးပေးနိုင်သည်။ တစ်ကိုယ်လုံးတွင် အိုးမဲများပေကာ သရဲရုပ်ပေါက်နေသော ထွန်းရင်ခမျာ ဖင်အပြောင်သားဖြင့် ပြေးထွက်လာရာ တစ်ဖက်အိမ်ဝိုင်းတွင်းမှ ခွေးတစ်ကောင်က ထွက်၍ဆွဲသည်။

"ဟဲ့ ဘညိန်း၊ ဟဲ့ ဘညိန်း"

ထွန်းရင်သည် ခွေးကို ဘညိန်းဟုအော်မောင်းရင်း နောက်ပြန်ပြေးလာ၏။ ကိုဆေးရိုးကို အင့်ခနဲမြည်အောင် ဝင်တိုက်သည်နှင့် တစ်ပြိုင်နက် ဖက်ထားတော့သည်။

"လုပ်ပါဦး ရီးဆေးရိုးရဲ့၊ ရီးဆေးရိုးရဲ့ လုပ်ပါဦးဗျ။ ဘညိန်း လိုက်ကိုက်နေတယ်"

"တယ် ဒီကောင်ဟာ"

ကိုဆေးရိုးမှာ ထွန်းရင်ကို တွန်းပစ်ရ၏။ တွန်းမပစ်လို့လည်း မရပေ။ ထွန်းရင်သည် ကိုဆေးရိုးအား ဖက်ထားပြီး မျက်နှာဖြင့်ပွတ်၏။ ခါးမှလုံချည်ကိုလည်း အတင်းဆွဲချွတ်နေ၏။

"ဟ မလုပ်ပါနဲ့ဟ၊ မလုပ်ပါနဲ့ဟ"

ပုဆိုးကျွတ်လုကျွတ်ခင်ဖြစ်လာသဖြင့် ကိုဆေးရိုးမှာ အူယားဖားယားအော်၍ တောင်းပန်ရလေ၏။ သားနှင့်ချွေးမရှေ့တွင် ဗလာကျင်းမှဖြင့် အကျိုးနည်းရချေရဲ့။

"ဟ ထွန်းရင်ရ၊ မလုပ်ပါနဲ့ဟ"

ထွန်းရင်သည် ကိုဆေးရိုး၏လုံချည်ကို လုယူနေရာက ဘညိန်းတို့အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။ ဘညိန်းနှင့် လှမေသည် ဖအေကို ကူညီရန် ပြေးလာကြ၏။ လက်ထဲတွင် အိုးတစ်လုံးကိုလည်း ကိုင်စွဲလာကြ၏။

"အမယ်လေးဗျ၊ အားဟား ခွေးလင်မယား"

သည်တစ်ကြိမ် ထပ်မံမိလျှင် မသက်သာတော့ပြီ။ ထွန်းရင်သည် ကိုဆေးရိုးခါးမှလုံချည်ကို လွှတ်လိုက်ပြီး ကိုဆေးရိုး၏ပခုံးပေါ်မှာ တင်ထားသော လုံချည်ကို ဆွဲယူထွက်ပြေးသွားလေ၏။

"ဟေ လိုက်ဟ၊ ဟား၊ ဟား၊ ဟား"

"ဟဲ့ခွေး၊ ဟဲ့ခွေး"

ထွန်းရင်က ရှေ့က လုံချည်ဝတ်ရင်းပြေး၏။ ထွန်းရင်ကို ခွေးတစ်အုပ်က လိုက်ဆွဲ၏။ ခွေးအုပ်၏နောက်က ဘညိန်းတို့ လင်မယား။ ဘညိန်းက ရယ်မောအော်ဟစ်၍လိုက်သလို ထွန်းရင်ကလည်း ခွေးမောင်းရင်း ပြန်ကြည့်ပြန်ကြည့်နှင့်ပြေးရာ ဖုန်ချိုင့်တစ်ခုထဲတွင် ဟပ်ထိုးလဲကျသွားလေ၏။

ကိုဆေးရိုးသည် ကလေးတွေကို ဆက်ကြည့်မနေနိုင်တော့ပေ။ တလင်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။

"လူငယ်လူရွယ်တွေပေကိုး"

ကိုဆေးရိုးမှာ ပြုံးပြုံးကြီး ရေရွတ်မိလေ၏။ သူ့ခါးနှင့်ရင်ဘတ်၌ ထွန်းရင်ပွတ်သွားသော အိုးမဲတွေ ပေကျံနေ၏။ ဝက်ဆီဖြင့်နယ်ထားသောကြောင့် ပွတ်ဖျက်၍မရပေ။

မကြာသေးမီက အုတ်အုတ်ကျက်ကျက် စည်ကားခဲ့သော တလင်းဝိုင်းကြီးသည် ယခုမူ သွေ့ခြောက်တိတ်ဆိတ်နေပေသည်။ သရက်ရွက်ခြောက်များသည် ရွက်စောင်းကိုထောင်၍ ရွက်တိုက်ပြေးလွှားနေ၏။ သရက်ရွက်တိုင်း၌ မည်းမည်းသရက်စေးပြောက်များ ထင်နေသည်။ ကိုဆေးရိုးသည် လေးဘက်ခြံကာထားသော ခြံတံခါးကို ဖွင့်ဝင်ခဲ့၏။ ကိုဆေးရိုးတို့မှာ ကောက်ရိုးပုံကိုပင် ခြံကာထားကြရသည်။ လူကို မကာဆီးနိုင်ပေမယ့် နွားလွတ်တွေကိုတော့ မကာဆီးလျှင် မဖြစ်သဖြင့် ကာဆီးထားရပေ၏။ သည်ဒေသ၌ နွားစာမှာ ကောက်ရိုးမှလွဲ၍ ဘာမျှမရှိသောကြောင့်ဖြစ်သည်။

ကောက်ရိုးပုံမှာ အသားကျနေပေပြီ။ ထိပ်ပိုင်းနှင့် လူတစ်ရပ်ကျော်သောနေရာများ၌ ဖြူရော်ရော်အစင်းကဖုံးအုပ်နေ၏။ ကောက်ရိုးမှျင်များသည်လည်း စီရီသွယ်ဆင်းနေ၏။ လူ့ခါး၊ လူ့ရင်စို့ခန့် နေရာများတွင်မူ ရွှေရောင်ကောက်ရိုးမျှင် အသစ်လေးများက ခေါင်းပြူ၍ ငေါ်ထွက်နေ၏။

ကိုဆေးရိုးက လက်နှစ်ဖက်ဖြင့် ကောက်ရိုးမျှင်များကို စုဆွဲလိုက်သည်။ သို့ရာတွင် လုံးဝကျွတ်ထွက်လာအောင် ဆွဲနုတ်လိုက်ခြင်းကား မဟုတ်။ တစ်ထွာခန့်မျှ ဆွဲနုတ်ပြီးနောက် ကောက်ရိုးပုံတွင် တန်းလန်းတပ်လျက် လိမ်ကျစ်နေလေ၏။

လူက တဖြည်းဖြည်းနောက်ဆုတ်ရင်း တစ်မိုက်ခန့် ဆွဲလိုက်၊ လိမ်ကျစ်လိုက်ဖြင့် ကိုဆေးရိုး၏လက်ထဲတွင် ကြိုးပင်ကြီးတစ်ပင် ဖြစ်လာပေသည်။ ကြိုးအရှည် နှစ်လံခန့်ရသောအခါ ကောက်ရိုးပုံမှ မဖြုတ်သေးဘဲ မြေပြင်ပေါ်ချထားလိုက်ကာ ကောက်ရိုးပုံများကို ဆွဲနုတ်၍တင်သည်။

ကိုဆေးရိုးသည် ကောက်ရိုးပုံ၏ ဘေးဘက်အနှံ့လျှောက်၍ ဆွဲနုတ်၏။ အထက်ရောအောက်ပါ နုတ်သည်။ သဘောမှာ တစ်နေရာတည်းနုတ်လျှင် ကောက်ရိုးပုံ တစ်ဖက်စောင်းကြီးဖြစ်သွားကာ ကြာသော် ပြိုကျမည်စိုးသောကြောင့်ဖြစ်သည်။ အပုံထဲက ဆွဲနုတ်ယူခဲ့သောကောက်ရိုးသည် တစ်ပင်စီ စီထားသလို ညီညီညာညာရှိ၏။

စပါးများ နို့ရည်တည်သည်မှစ၍ မရိတ်သိမ်းမချင်း ဖျက်ဆီးစားသောက်သော ကြွက်တူရွေး၊ စာနှင့် ချိုးငှက်တို့၏ပယောဂကြောင့် ပြုန်းတီးခဲ့ရသမျှ နေရာတွင် အစားထိုးဖို့ပဲရရ၊ လူ့အဖို့ကတော့ စုဆောင်းသိမ်းဆည်းနိုင်သမျှ သိမ်းဆည်းလေ အကျိုးရှိလေလေပင်။ ထို့ကြောင့်ပင် လယ်သမားတိုင်းသည် စိုက်၍ဖြစ်သည့်နေရာမှန်လျှင် စိုက်သည်။ ကျေးစာငှက်စာပဲရရဟူ၍သော်လည်းကောင်း သတ်မှတ်ပြောဆိုကြသေးသည်။

ကိုဆေးရိုးက တစ်လမြူခန့်ရှိသော စပါးစေ့များကို ခါးပိုက်ထောင်ထဲထည့်ပြီး ကောက်ရိုးထုံးကို ရွက်၍ ကောက်ရိုးခြံထဲမှ ထွက်လာ၏။ ခြံတံခါးကို ပြန်ပိတ်သောအခါ ကောက်ရိုးထုံးအလယ်တည့်တည့်ကို ခြံတိုင်စူးဝင်နေသဖြင့် ခေါင်းပေါ်မှချ၍ ဖယ်ရှားပစ်လိုက်ရသည်။ အဝင်အထွက် ခြံတိုင်များမှာ ကောက်ရိုးမျှင်များဖြင့် ဝေနေ၏။ လေနှင့်တိုင်း တလူလူလွင့်နေသော ကောက်ရိုးမျှင်များကို မော့ကြည့်လိုက်စဉ်တွင် ကိုဆေးရိုးမှာ မမျှော်လင့်ဘဲနှင့် ဝင်းဝင်းပြက်နေသော ပန်းအလှရွှေပွင့်များကို လှမ်းမြင်လိုက်ရလေသည်။

ရွှေပိတောက်ပွင့်များပါတကား။ တလင်းအနီးရှိ စေတီပျက်တစ်ဆူဘေးမှ ပိတောက်ပင်ပျို၏ အပွင့်များ ဖြစ်သည်။ စေတီတွင် လွှမ်းနေသော ရေညှိခြောက်များသည် မွဲမွဲစိမ်းစိမ်းအရောင်ကို နောက်ခံကာ ရွှေသစ်ဦးလို ထိန်ဝင်းနေသော ပိတောက်ပွင့်များကို မြင်ရသည်မှာ ရင်အေးစရာ။ ပိတောက်ရွှေပွင့်၏ရှေ့တွင် တလူလူလွင့်နေသော ကောက်ရိုးမျှင်များသည် လုံမပျို၏ ဆံယဉ်နုများသဖွယ်။

> ကြိမ်ဖြင့်ပြီးသော သပိတ်ခြေသဖွယ်၊ အလယ်သိမ်၍ အဖျားနှစ်ဖက်ဝေကားနေသော ကောက်ရိုးထုံးကြီးကိုရွက်လျက် ရွာထဲသို့ ကိုဆေးရိုးဝင်လာချိန်၌ ကာလသားတို့၏ ရေပက်မြူးထူးသံများ စဲသွားပေပြီ။ လူကြီး လူရွယ် လူလတ်များသည် ဝတ်ကောင်းစားလှဆင်၍ ဥပုသ်စောင့်ရန် ထွက်လာကြပေပြီ

ကိုဆေးရိုး၏မျက်နှာမှာ နုနေသည်။ သစ်နေသည်။ မြန်မာ့အယူအဆအားဖြင့် နှစ်ကူးကာလ၊ နှစ်ဦးသမယ၌ ရွှင်လန်းအေးချမ်းရခြင်းသည် ကောင်းမြတ်သောနိမိတ်ပင်။

ကြိမ်ဖြင့်ပြီးသော သပိတ်ခြေသဖွယ်၊ အလယ်သိမ်၍ အဖျားနှစ်ဖက်ဝေကားနေသော ကောက်ရိုးထုံးကြီးကိုရွက်လျက် ရွာထဲသို့ ကိုဆေးရိုးဝင်လာချိန်၌ ကာလသားတို့၏ ရေပက်မြူးထူးသံများ စဲသွားပေပြီ။ လူကြီး လူရွယ် လူလတ်များသည် ဝတ်ကောင်းစားလှဆင်၍ ဥပုသ်စောင့်ရန် ထွက်လာကြပေပြီ။

"အေးမေတို့ မပြီးသေးဘူးလားဟေ့"

"ပြီးပြီ မဦးသာရေ၊ ခဏလေး"

အချင်းချင်း စောင့်ဆိုင်းခေါ်သူက ခေါ်၍

"ဟေ့ လှဒန်တို့ သွားကြမယ်လေ။ ဘယ်အချိန်ရှိပြီလဲ"

"သွားနှင့် ငွေသော့ရေ။ နွားစာစဉ်းထားခဲ့ရဦးမယ်ဟေ့"

တစ်ကျောင်းတည်း အတူသွားစောင့်မည့်သူချင်း ရပ်စောင့်နေသူများက ရပ်စောင့်နေသလို ကျန်သူများလည်းကျန်ခဲ့၏။ အဖော်နှင့်လိုက်ရန် အပြေးအလွှားပြင်ဆင်နေသူက ပြင်ဆင်၊ ကလေးခေါ်သံ၊ ခွေးရိုက်သံ၊ အိုးခွက်များ ဖုံးအုပ်သံဖြင့် စိုပြည်စည်ဝေနေ၏။

"ဟေ့ ကျီးဒန်တို့ သီလမယူဘူးလား။ ဝါဦးတုန်းကတော့ ပျိုးနုတ်ချိန်မို့၊ ဝါကျွတ်တော့ ထွန်တုံးပိတ်ချိန်မို့၊ သင်္ကြန်တွင်းတော့ ဘာလုပ်နေကြလဲ"

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Countable nouns (ရေတွက်လို့ရသောနာမ်)

ရေတွက်ရသောနာမ်များကို countable nouns ဟုခေါ်သည်။ ဥပမာ။ a car, three cars, a book, a box full of books, a city, several big cities ...etc.

ရေတွက်လို့ရသောနာမ်များကို အနည်းကိန်း သို့မဟုတ် အများကိန်း အဖြစ်အသုံးပြုနိုင်သည်။ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ဆိုပြီး အနည်းကိန်းအဖြစ် အသုံးပြုပါက a/ an နှင့် ယှဉ်တွဲရေးရသည်။ ထို့ပြင် ကိန်းဂဏန်းအရေအတွက် သို့မဟုတ် နာမ်ညွှန်းကိန်း (determiners) များနှင့်လည်း ယှဉ်တွဲရေးသားနိုင်သည်။

ဥပမာ။ these apples, a few people ...etc.

e.g. (1) She's got <u>two</u> sisters and a younger brother.

e.g. (2) <u>Most</u> people buy things like cameras and MP3-players online <u>these</u> days.

e.g. (3) <u>These</u> shoes look old now.

e.g. (4) I'll take <u>a few</u> magazines with me for the flight.

## Uncountable nouns (ရေတွက်မရသောနာမ်)

ရေတွက်မရသောနာမ်များကို uncountable nouns ဟု ခေါ်သည်။ ၎င်းတို့ကို ကိန်းဂဏန်းများဖြင့် ရေတွက်လို့မရပါ။ စိတ်ကူးစိတ်သန်းများ၊ အရည်အသွေးများ၊ ရေတွက်ရန်အလွန်သေးငယ်လွန်းသည့် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများ (အရည်များ၊ အမှုန့်များ၊ ဓာတ်ငွေ့များ)ဖြစ်သည်။ ရေတွက်မရနာမ်များကို အနည်းကိန်းကြိယာဖြင့် တွဲရေးရသည်။

**Ideas and experiences (စိတ်ကူးနှင့်အတွေ့အကြုံ)**

advice (အကြံဉာဏ်), information (သတင်းအချက်အလက်), progress (တိုးတက်မှု), news (သတင်း), luck (ကံကောင်းမှု), fun (ပျော်ရွှင်မှု), work (အလုပ်) ...

**Materials and substances (ပစ္စည်းများနှင့်အရာဝတ္ထုများ)**

water (ရေ), rice (ထမင်း), cement (ဘိလပ်မြေ), gold (ရွှေ), milk (နွားနို့) ...

**Weather words (ရာသီဥတုဆိုင်ရာစကားလုံးများ)**

weather (ရာသီဥတု), thunder (မိုးကြိုး), lightning (လျှပ်စီး), rain (မိုး), snow (နှင်း)... etc.

**Names for groups or collections of things (အုပ်စုနှင့် စုစည်းထားသော ပစ္စည်းများ)**

furniture (ပရိဘောဂ), equipment (ကိရိယာပစ္စည်း), rubbish (အမှိုက်), luggage (ခရီးဆောင်အိတ်) ...etc.

**Other common uncountable nouns (အခြားရေတွက်မရနာမ်များ)**

accommodation (နေရေးထိုင်ရေး), baggage (ခရီးဆောင်အိတ်), homework (အိမ်စာ), knowledge (ဗဟုသုတ), money (ပိုက်ဆံ), permission (ခွင့်ပြုချက်), research (သုတေသန), traffic (ယာဉ်ကြော), travel (ခရီးသွားလာမှု) ... etc.

မှတ်ရန်။ အထက်မှာဖော်ပြထားတဲ့ ရေတွက်မရနာမ်တွေကို a/an သို့မဟုတ် ကိန်းဂဏန်းအရေအတွက်များဖြင့် ယှဉ်တွဲမရေးရပါ။ ဥပမာများကို လေ့လာပါ။

(၁) We're going to get <u>new furniture</u> for the living room.
(We're going to get <u>a new furniture</u> for the living room. or We're going to get <u>new furnitures</u> for the living room.) ဆိုပြီး ရေးလို့မရပါ။

(၂) We had <u>terrible weather</u> last week.
(We had <u>a terrible weather</u> last week.) ဆိုပြီး မရေးရပါ။

(၃) I bought <u>two pairs of trousers.</u>
(I bought <u>two trousers.</u>) ဆိုပြီး မရေးရပါ။

(၄) Can you give me <u>some advice</u> about buying a second-hand car?
(Can you give me <u>some advices</u> about buying a second-hand car?) ဆိုပြီး မရေးရပါ။

ကျက်မှတ်ထားသင့်သည့် ရေတွက်မရနာမ်အချို့ကို ဖော်ပြလိုက်ပါတယ်။

### General (အထွေထွေ)

- homework
- equipment
- luggage
- clothing
- furniture
- machinery
- gold
- silver
- cotton
- glass
- jewelery
- perfume
- soap
- paper
- wood
- petrol
- gasoline
- baggage
- hair
- traffic

### Abstract (စိတ်တွဇနာမ်)

- advice
- help
- fun
- recreation
- enjoyment
- information
- knowledge
- news




- patience
- happiness
- progress
- confidence
- courage
- education
- intelligence
- space
- energy
- laughter
- peace
- pride

### Food (အစားအစာ)

- food
- flour
- meat
- rice
- cake
- bread
- ice cream
- cheese
- toast
- pasta
- spaghetti
- butter
- oil
- honey
- soup
- fish
- fruit
- salt
- tea
- coffee

### Weather (ရာသီဥတု)

- thunder
- lightning
- snow
- rain
- sleet
- ice
- heat
- humidity
- hail
- wind
- light
- darkness

### Languages (ဘာသာစကား)

- English
- Portuguese
- Hindi
- Arabic
- Japanese
- Korean
- Spanish
- French
- Russian
- Italian
- Chinese

### Subjects/Fields (ဘာသာရပ်များနှင့် နယ်ပယ်များ)

- mathematics
- economics
- physics
- ethics
- civics
- art
- architecture
- music
- photography
- grammar
- chemistry
- history
- commerce
- engineering




- politics
- sociology
- psychology
- vocabulary
- archaeology
- poetry

### Sports (အားကစား)

- golf
- tennis
- baseball
- basketball
- soccer
- football
- cricket
- hockey
- rugby
- chess

### Activities (လုပ်ဆောင်ချက်များ)

- swimming
- walking
- driving
- jogging
- reading
- writing
- listening
- speaking
- cooking
- sleeping
- studying
- working

ရေတွက်မရနာမ်များကို အတိုင်းအတာ၊ ပမာဏဖြင့်ဖော်ပြရာတွင် အသုံးပြုသည့် စကားလုံးများကို ကျက်မှတ်လေ့လာပါ။

- **a bag of** flour | rice | gold dust = ဂျုံ၊ ဆန်၊ ရွှေမှုန်တစ်အိတ်
- **a bar of** chocolate | gold | soap = ချောကလက်၊ ရွှေ၊ ဆပ်ပြာတစ်ချောင်း
- **a bottle of** milk | water | wine = နွားနို့၊ ရေ၊ ဝိုင်တစ်ပုလင်း
- **a bowl of** rice | soup = ထမင်း၊ စွပ်ပြုတ်တစ်ပန်းကန်လုံး
- **a box of** paper= စက္ကူတစ်ဘူး
- **a can of** cream | meat | tuna = ခရင်၊ အသား၊ တူနားငါးတစ်ဘူး (သံဘူး)
- **a carton of** ice-cream | orange juice | milk = ရေခဲမုန့်၊ လိမ္မော်ဖျော်ရည်၊ နွားနို့ တစ်ဘူး (စက္ကူဘူး)
- **a cup of** hot chocolate | coffee | tea = ချောကလက်၊ ကော်ဖီ၊ လက်ဖက်ရည် တစ်ခွက်
- **a drop of** blood | oil | water = သွေး၊ ဆီ၊ ရေ တစ်စက်
- **a glass of** beer | juice | water | wine = ဘီယာ၊ဖျော်ရည်၊ ရေ၊ ဝိုင်တစ်ခွက် (ဖန်ခွက်)
- **a grain of** rice | sand | truth = ဆန်တစ်စေ့၊ သဲတစ်ပွင့်၊ အမှန်တရားတစ်ခု
- **an item of** clothing | expenditure | news = အဝတ်အစား၊ အသုံးစရိတ်၊ သတင်း
- **a jar of** honey | jam | peanut butter = ပျားရည်၊ ယို၊ ထောပတ်တစ်အိုး
- **a piece of** advice | furniture | paper = ဩဝါဒစကားတစ်ခွန်း၊ ပရိဘောဂတစ်ခု၊ စက္ကူတစ်ရွက်
- **a roll of** paper | tape | toilet paper = စက္ကူတစ်လိပ်၊ တိပ်တစ်ခွေ၊ အိမ်သာသုံးစက္ကူ တစ်လိပ်
- **a slice of** bread | cheese | meat | toast = ပေါင်မုန့်၊ ဒိန်ခဲ၊ အသား၊ ပေါင်မုန့်မီးကင်တစ်ချပ်
- **a spoonful of** sugar | syrup = သကြား၊ ချောင်းဆိုးပျောက်ဆေးတစ်ဇွန်း
- **a tablespoon of** butter | honey = ထောပတ်တစ်ဇွန်း၊ ပျားရည်တစ်ဇွန်း
- **a teaspoon of** medicine | salt = ဆေးတစ်ဇွန်း၊ ဆားတစ်ဇွန်း
- **a tube of** glue | lipstick | toothpaste = ကော်၊ နှုတ်ခမ်းနီ၊ သွားတိုက်ဆေးတစ်တောင့်

စာမျက်နှာ ၂၁ သို့ ❋

❋ စာမျက်နှာ ၂၀ မှ

ဆက်လက်ပြီး ရေတွက်မရနာမ်များနှင့် ယှဉ်တွဲအသုံးပြုသည့် ပမာဏပြ နာမ်ညွှန်းကိန်းများကို လေ့လာပါ။




| | |
|---|---|
| a bit | အနည်းငယ် |
| much | များပြားသော |
| a little | အနည်းငယ် |
| plenty of | အများအပြား |
| a lot of/ lots of | အများအပြား |
| enough | လုံလောက်သော |
| any | အနည်းငယ် (အငြင်း) |
| some | အနည်းငယ် (ရှိုးရှိုးဝါကျ) |
| less / more | ပိုနည်းသော၊ ပိုများသော |
| a bit of | ထိုအနက်အနည်းငယ် |

ဥပမာ (၁) Jim has **much** patience.
(၂) Alice had **a little** juice and nothing else.
(၃) Alice had **a little** juice and nothing else.
(၄) Give me **a little** water.
(၅) Peter has **much** wealth.
(၆) We have **plenty of** gas, it should be enough.
(၇) I've got **a lot** of cash on me.
(၈) We have **enough** gas, you don't have to worry.
(၉) Did you spend **any** cash? No, I didn't spend **any**.
(၁၀) She needs **some** advice.
(၁၁) Can I have **a bit of** your chocolate?

ရေတွက်လို့ရသောနာမ်များနှင့် ယှဉ်တွဲရေးသားသည့် အရေအတွက်ပြနာမ်ညွှန်းကိန်းများ




A few = အနည်းငယ်
e.g. I gave him **a few** candies.

Fewer = ပိုနည်းသော
e.g. **Fewer** shops accept checks nowadays.

Many = များပြားသော
e.g. They got married **many** years ago.

Great many = အလွန်များသော
e.g. Both sides had **great many** casualties in that war.

Several = များပြားသော
e.g. **Several** buildings were damaged in the earthquake.

A number of = အနည်းငယ်
(တစ်ခု၊ တစ်ယောက်ထက်တော့ပိုတယ်။ ဒါပေမယ့် အများကြီးမဟုတ်ဘူး။)
e.g. A number of students failed the class.

Plenty of = များပြားသော
e.g. We have plenty of hot dogs, it should be enough.

A lot of/lots of = များပြားသော
e.g. I've got a lot of candies.

Enough = လုံလောက်သော
e.g. We have **enough** hotdogs but we need more buns.

Any = အနည်းငယ်
e.g. Did you buy **any** hotdogs? Yes, five of them.

Some = အချို့၊ အနည်းငယ်
e.g. She needs to buy **some** books.

လေ့ကျင့်ခန်းများဖြေဆိုပါ။

(A) Write C for countable and U for uncountable. ရေတွက်ရနာမ်ဆိုလျှင် "C" ဟုရေးပြီး ရေတွက်မရနာမ်ဆိုလျှင် "U" ဟုရေးပါ။

1. time ______________
2. butter ______________
3. oil ______________
4. salt ______________
5. cars ______________
6. meat ______________
7. hair ______________
8. friends ______________
9. honey ______________
10. bread ______________

(B) Choose **How much** or **How many**.

1. ____________ books do you buy?
2. ____________ cheese is there in the fridge?
3. ____________ films did Ko Ko see last week?
4. ____________ money do you spend every day?
5. ____________ sugar does he need?
6. ____________ milk did she drink last night?
7. ____________ friends do you have?
8. ____________ oranges did mother buy?
9. ____________ meat are you going to eat?
10. ____________ water is there in the stream?




(C) Choose **a, an, some** or **any**.

1. We don't have ____________ bread.
2. There is ____________ orange in the basket.
3. Ma Ma eats ____________ cheese every day.
4. Have you got ____________ friends?
5. I bought ____________ milk.
6. Do we have ____________ eggs?
7. There are ____________ children on the school bus.
8. Is there ____________ umbrellas on the table?
9. Zin Zin does not have ____________ pets.
10. That is ____________ bird.
11. I want _____ jam and ______ butter for my toast.
12. Would you like _____ apple or _____ pear?
13. Can I have ______ milk or ______ juice, please?
14. I would like ______ cookies and _____ glass of milk.
15. Would you like ______ steak and ______ rice?

(D) Choose **many** or **much**.

1. How ____________ rice do you eat per day?
2. It doesn't make ____________ sense.
3. There wasn't ____________ traffic on the motorway.
4. How ____________ plates do we need?
5. I don't receive ____________ letters nowadays.




6. U Kyaw owns __________ properties in France.
7. She does not have ______________ friends.
8. We had so ________________ fun.
9. I spent ______________ days there.
10. There are ____________ students in the class.

(E) Choose **a little** or **a few**.

1. She has ________________ plans.
2. He drank ____________ whisky yesterday.
3. Khin Lay has ____________ friends.
4. There are ____________ hotels in this town.
5. There is ______________ petrol in this car.
6. We saw ____________ people at the bus stop.
7. Look! There are ____________ mice on the roof.
8. Could I have ____________ milk in my tea, please?
9. The teacher gave us ________ time to prepare before a test.
10. We need ____________ butter for this cake.

(F) Choose **few** or **little**. [few ရေလို့ရ၊ little ရေလို့မရ (မရှိသလောက်နည်းသော)]

1. We had ______________ snow last winter.
2. I speak ______________ Japanese.
3. There are ______________ mushrooms in the soup.
4. ______________ animals can survive in the desert.
5. He has ________________ relatives.

**Answers**

(A) 1. U 2. U 3. U 4. U 5. C 6. U 7. U 8. C 9. U 10. U

(B) 1. How many
2. How much
3. How many
4. How much
5. How much
6. How much
7. How many
8. How many
9. How much
10. How much

(C) 1. any;
2. an
3. some
4. some
5. some
6. some
7. some
8. some
9. any
10. a
11. some, some
12. an, a
13. some, some
14. some, a
15. some, some

(D) 1. much
2. much
3. much
4. many
5. many
6. many
7. many
8. much
9. many
10. many

(E) 1. a few
2. a little
3. a few
4. a few
5. a little
6. a few
7. a few
8. a few
9. a little
10. a little

(F) 1. Little
2. few
3. few
4. Few
5. few

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

☆ **မြန်မာ့လက်ရွေးစင်မှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမပိုင်းတွင် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး တောင်ကိုရီးယားယူ-၂၀ အသင်းကို ခြေရည်တူကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ကစားသမားအများအပြား ပြောင်းလဲလိုက်ပြီးနောက်ပိုင်း ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမပိုင်းတွင် မေဇင်နွယ်(ဂိုး)၊ ခင်သန်းဝေ၊ ချစ်ချစ်၊ အေးအေးမိုး၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ နော်ထက်ထက်ဝေ၊ ခင်မာလာထွန်း၊ စန်းသော်သော်၊ မြတ်နိုးခင်နှင့် ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမား ခုနစ်ဦး လဲလှယ်ခွင့်ပြုထားရာ ဒုတိယပိုင်းတွင် ခင်မိုမိုထွန်းအစား ပုံပုံ့ပြည့်မောင်၊ စန်းသော်သော် အစား လင်းမြင့်မိုရ်၊ ခင်သန်းဝေ အစား ဇွန်ယုယဦး၊ အေးအေးမိုးအစား နန့်ဇူဇူးထက်၊ ဂျူလိုင်ကျော် အစား ခင်မိုးဝေ၊ ဖြူဖြူဝင်း အစား ခိုင်သဇင်၊ နော်ထက်ထက်ဝေ အစား သင်းသင်းယုတို့ကို လဲလှယ်အသုံးပြုခဲ့သည်။ တောင်ကိုရီးယားယူ-၂၀ အသင်းသည် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် မေ ၁ ရက်တွင် တောင်ကိုရီးယားအမျိုးသမီးကလပ် Seoul City အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများ အတွဲ(၂)

# ထွက်ပါပြီ

**လွှတ်တော်ရွေးကောက်ပွဲများအကြောင်း အဆင်သင့်လေ့လာနိုင်သည့် စာအုပ်ကောင်းတစ်အုပ်**




- **မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အရ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သက်တမ်းနှစ်စုမှာ FPTP စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့တာကြောင့် လွှတ်တော်အသီးသီးမှာ တစ်ပါတီကြီးစိုးမှု တွေဖြစ်ခဲ့ရပါတယ်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ရွေးကောက်ပွဲမှာ PRs စနစ်ကို ကျင့်သုံးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားထားလို့ သင့်အနေဖြင့် ဘယ်လိုမဲပေးရွေးချယ်ရမလဲ ဆိုတာကို လွှတ်တော် ရွေးကောက်ပွဲများ အကြောင်းအတွဲ(၁)နှင့်(၂) စာအုပ် များမှာ အဆင်သင့်လေ့လာနိုင်ပြီ ဖြစ်ပါတယ်။**
- **လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက်ကတော့ မဖြစ်မနေ ဖတ်ရှုလေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်ပဲ ဖြစ်ပါတယ်။**
- **နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးကို စိတ်ပါဝင်စားသူတိုင်း လေ့လာနိုင်ရန် လွှတ်တော်ရွေးကောက်ပွဲများအကြောင်း တစုတစည်းတည်း ပါဝင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။**
- **တိုင်းရင်းသားလူမျိုးစုငယ်များ လွှတ်တော်အသီးသီးမှာ အချိုးကျပါဝင်နိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs) အကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်လည်းဖြစ်ပါသည်။**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀ - ၄ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄) အမှတ်(၁၈)၌ လောကတွင် မည်သည့်ကိစ္စမဆို ယုတ္တိရှိတိုင်း အမှန်မဖြစ်တတ်ဘဲ ယုတ္တိမရှိသော်လည်း အမှန်ဖြစ်တတ်သည့်အကြောင်း ရေးဖွဲ့ထားသည့် "ယုတ္တိ၊ ယုတ္တာ" မျက်နှာဖုံးကာတွန်း၊ ပြင်းထန်လေဆင်နှာမောင်းမုန်တိုင်းအကြောင်း ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "လေဆင်နှာမောင်း" သုတဆောင်းပါး၊ ဘာမှမလုပ်ခြင်းကြောင့် အပြစ်ပေးခံရသည်ဆိုသော ဖြိုးရဲအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် " ဖြိုးရဲ - အပြုံးလက်ဆောင်" နှစ်မျက်နှာကာတွန်း၊ မိမိစိတ်ဝင်စားသည့် ဆောင်ရွက်ချက်များတွင် ရည်မှန်းချက်ထားကြိုးစားခြင်းကြောင့် အောင်မြင်မှုများကို အမှန်တကယ်ဆွတ်ခူးရရှိနိုင်ပုံအကြောင်း ရေးဖွဲ့ထားသည့်"အကယ်ဒမီ ပူစီကစ်ကစ်"ဝတ္ထုကဏ္ဍ၊ ပန်းကန်ကပ်ကော်ကို လက်တွေ့စမ်းကြည့်နေသော ရဲရင့်ဖြိုးအကြောင်းကို ရေးဖွဲ့ထားသည့် "အမွှေလေး" ရဲရင့်ဖြိုး တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ဆရာမိဘများ၏ ဆုံးမစကားများကို နာယူမှတ်သားပြီး အကျိုးထိရောက်စွာ အသုံးပြုတတ်ရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "တန်ဖိုးရှိတဲ့စကားသုံးခွန်း"ပုံပြင်ကဏ္ဍ အပါအဝင်ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၂) ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သော စာပေဗိမာန်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် (၇၅)နှစ်ပြည့်မြောက်လျက် စိန်ရတုခရီးတိုင်ပြီဖြစ်ပါသည်။ သို့ဖြစ်ရာ ရွှေသွေးဌာနအနေဖြင့် စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၂) ကို ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၂)တွင် ကဗျာ၊ မြန်မာစကားပုံ၊ ပုံပြင်၊ ဝတ္ထုတို၊ ဉာဏ်စမ်း၊ ရွှေသွေးတို့လက်ရာ စာစီစာကုံးနှင့် ပန်းချီကဏ္ဍ၊ သုတဆောင်းပါးကဏ္ဍနှင့် ကာတွန်းဇာတ်လမ်းတို့ ပါဝင်ပြီး သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။ ကဗျာနှစ်သက်သော ကလေးများအတွက် အကြောင်းအရာမျိုးစုံကို သီကုံးဖွဲ့နွဲ့ထားသည့် ကဗျာ ၁၆ ပုဒ် ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် ကလေးများအတွက် သုတ၊ ရသတို့ကို ဖော်ကျူးပေးထားသည့် ပုံပြင် ငါးပုဒ်၊ ကလေးဝတ္ထုဇာတ်လမ်း ငါးပုဒ်၊ သုတဆောင်းပါး သုံးပုဒ်၊ ရွှေသွေးတို့လက်ရာ ပန်းချီ ငါးခု၊ စာစီစာကုံး သုံးပုဒ်တို့နှင့်အတူ ကလေးများ၏ စိတ်ကူးဉာဏ်ကို ကွန့်မြူးစေမည့် ဉာဏ်စမ်းကဏ္ဍတို့လည်း ပါဝင်ပါသည်။

ကာတွန်းကဏ္ဍတွင် ကာတွန်းဆရာကြီးများဖြစ်ကြသော ကာတွန်း ဦးဘကြည်၊ ကာတွန်း ရွှေမင်းသား၊ ကာတွန်း မောင်မောင်လေး၊ ကာတွန်း ကျော်ထွဏ်း၊ ကာတွန်း သန်းကြွယ်၊ ကာတွန်း အောင်အောင်ထွေး၊ ကာတွန်း သူရ၊ ကာတွန်း သိက္ခာ၊ ကာတွန်း MGU မောင်ဦး၊ ကာတွန်း အောင်ရှိန်၊ ကာတွန်းရွှေရိုး၊ ကာတွန်း ဆူးထက်အောင်၊ ကာတွန်း ရန်ကြီးအောင်၊ ကာတွန်း ဦးစိန်၊ ကာတွန်း မြတ်နိုး၊ ကာတွန်း မောင်တင်ယု၊ ကာတွန်း ဝင်းမြင့်အောင်၊ ကာတွန်း စိုးတင့်(ဟီးနိုး)၊ ကာတွန်း ဒစ်ဂျစ်တယ်၊ ကာတွန်း ကျောက်ပု၊ ကာတွန်း ဝင်းဖေ(အဖျောက်)၊ ကာတွန်း မောင်ရွှေဝင်း၊ ကာတွန်း သက်စု၊ ကာတွန်းပြုံးချို၊ ကာတွန်း ကျော်တင်မြင့် သစ်၊ ကာတွန်း ကိုကျော်(ကြံခင်း)၊ ကာတွန်း ထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)၊ ကာတွန်း ဝင်းသဉ္ဇာမျိုး၊ ကာတွန်း စိုးစံ၊ ကာတွန်း မိုးသွင်၊ ကာတွန်း ဇက်တီ၊ ကာတွန်း စောဟန်၊ ကာတွန်း မင်းကောင်းကို၊ ကာတွန်း အောက်တိုဘာ အောင်ကြီး၊ ကာတွန်း သန့်စင်၊ ကာတွန်း ကိုကောင်း၊ ကာတွန်း သာဦး၊ ကာတွန်း ပေါ်လွင်ကျော်၊ ကာတွန်း ထာဝရ၊ ကာတွန်း မောင်ဗချီ၊ ကာတွန်း ကိုသက်ကြည်၊ ကာတွန်း ကိုသင်း၊ ကာတွန်း လွှမ်းမောင်(သုဝဏ္ဏ)၊ ကာတွန်း စမ်းချောင်း ကိုကိုအောင်နှင့် ကာတွန်း ရွှေမိုဃ်း တို့၏လက်ရာများကို စုံလင်စွာဖတ်ရှုခံစားနိုင်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ နာမည်ကျော် ကာတွန်းလက်ရာကျော် ဆရာများ၏ လက်ရာကောင်း လက်ရာမွန်များကို တစုတစည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားဖွယ် ဝတ္ထု၊ ပုံပြင်၊ ကဗျာများကိုလည်း ဖတ်ရှုနိုင်မည့် စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၂) စာအုပ်ကို တန်ဖိုး ၃၅၀၀ိ/- ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန် အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၁၄၄၈၊ ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**သတင်းစဉ်**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄.၈၊ အထက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၇-က)၊ ဧရိယာ(၀.၀၂၁)ဧကရှိမြေအား မအူပင်မြို့၊ (၃) ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၁၈) နေ ဒေါ်နှင်း (၁၄/မအပ(နိုင်)၀၁၂၂၄၀) မှ မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ပိုင်ဆိုင်ကြောင်းမွတ်ဟကြော်ငြာစာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ရွှေကျားပျံဆောက်လုပ်ရေးမှ ဆောက်လုပ်သော တိုက်အမှတ်(A)၊ အခန်းအမှတ်(၁၀၀၈)၊ အကျယ်အဝန်း (၁၀၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးအေးမိုးပိုင် [၁၂/မဂဒ(နိုင်)၀၇၀၂၃၅]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းကွန်ဒိုတိုက်ခန်း၏ တန်ဖိုးငွေအား အပြေအကျေပေးချေ၍ တရားဝင်ဝယ်ယူလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မန်ကျည်းတန်းတောင် (အနောက်)ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၂၂၂၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစန်းအေး[၁၀/ရမန(နိုင်)၁၄၅၃၂၁] နှင့် ဒေါ်အေးမူ [၁၀/ရမန(နိုင်)၂၃၄၇၁၅] တို့၏ သမီးဖြစ်သူ မပိုးအိဇင် [၁၀/ရမန(နိုင်)၂၄၆၇၂၅] သည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်များ ဆောင်ရွက်သွားသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မပိုးအိဇင်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိဘများဖြစ်သူ ဦးစန်းအေးနှင့် ဒေါ်အေးမူ မိသားစု မှ တာဝန်ယူပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**(မိဘ) ဦးစန်းအေး-ဒေါ်အေးမူ**
**အမှတ်(၁၇)၊ ဇော်ဂျီလမ်း၊ အဋ္ဌဝါရပ်ကွက်၊ ရေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာ၊ ကွင်းအမှတ်(၅၈၃)၊ ဦးပိုင်အမှတ်(၄၁)၊ မြေကွက်အမှတ် (B-၂၇)၊ ဧရိယာ(၀.၀၅)ဧကရှိ ဦးသန်းဦး[၁၂/မဘန(နိုင်)၀၅၅၈၁၅] အမည်ပေါက် အိမ်ရာမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆန်း [၁၂/သဃက(နိုင်)၁၃၈၉၉၃] မှ လက်ရှိပိုင်ရှင်ဖြစ်သူ ဦးနိုင်လင်းအေး [၁၂/မဘန(နိုင်)၀၇၈၁၂၄] ထံမှ (၂၇-၄-၂၀၂၂) ရက်နေ့တွင် ငွေအပြေအကျေ တစ်လုံးတစ်ခဲတည်းပေးချေ၍ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုယူဆပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက နောက်နောင်တွင် ယင်းမြေကွက်နှင့် ပတ်သက်သည့်ကိစ္စအဝဝအား လက်ခံ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ဆန်း** | **ဒေါ်ခင်နွဲ့ရီ (LL.B)** |
| **[၁၂/သဃက(နိုင်)၁၃၈၉၉၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၅)** |
| | **တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၈၉၃၅၆၆၃၇၀၊ ၀၉-၂၆၆၉၆၁၁၇၇** |

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော်**

**၂၀၂၂ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉**

ဦးဇော်ဝင်း နှင့်
၁။ ဦးကျော်ကျော်မောင်
၂။ ဦးမျိုးမင်းထက်
၃။ ဦးဖြိုးဝေထက်
(၎င်းကိုယ်တိုင်နှင့် ပြင်ဆင်မှုလျှောက်ထားခံရသူ(၂)၏ အခွင့်ရကိုယ်စားလှယ်)
၄။ ဦးစိုင်းဇေယျာထွန်း(ကွယ်လွန်သူ ဒေါ်ပညာနန္ဒီ(ခ) ဒေါ်မြရီ၏ တရားဝင်ကိုယ်စားလှယ်)
၅။ ဒေါ်လှရီ
၆။ ဒေါ်စန်းရင်
၇။ ဦးအောင်ကျော်မင်း
၈။ ဒေါ်ခင်သိန်းရီ

**(ပြင်ဆင်မှုလျှောက်ထားသူ) (ပြင်ဆင်မှုလျှောက်ထားခံရသူများ)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဘာဝတရားရိပ်သာနေ ပြင်ဆင်မှုလျှောက်ထားခံရသူ (၄) ဦးစိုင်းဇေယျာထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ပြင်ဆင်မှုလျှောက်ထားသူ ဦးဇော်ဝင်းက ဤရုံးသို့ မူလခရမ်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂/၂၀၁၄ အမှုတွင် (၃၀-၆-၂၀၂၁) ရက်နေ့၌ ချမှတ်သော ကော်မရှင်နာအစီရင်ခံစာအပေါ် အတည်ပြုသင့်မသင့် အမိန့်အား ကျေနပ်မှုမရှိ၍ ပယ်ဖျက်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်းအမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ခုနှစ်၊ မေလ ၁၇ ရက် (၁၃၈၄ခုနှစ်၊ ကဆုန်လဆုတ် ၃ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

# စာအုပ်စာပေ
# လူ့မိတ်ဆွေ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

၁။ ၂၀၂၂ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ကျင်းပမည့် (၃၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၇၉၇၉၈) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၂၇၉၇.၉၈၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၉၅၈.၅၈၆) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း (၉၃၀.၅) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၇) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၈) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၀) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၃) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၃) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၉၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း(၉၃၀.၅)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၄၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ် ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၈)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၅-၂၀၂၂) ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### တနင်္သာရီတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တိုင်းဒေသကြီးအတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ မှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ (၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်) တိုင်းဒေသကြီး ငွေလုံးငွေရင်းမူလ ရန်ပုံငွေဖြင့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဒီဇယ်ဓာတ်အားပေးစက်များ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများ၊ Sectionalizer ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း၊ ၀.၄/၁၁ ကေဗွီ Main ခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ၁၁/၀.၄ ကေဗွီဓာတ်အား လိုင်း/ခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် -(၂-၅-၂၀၂၂) ရက်

(ခ) တင်ဒါလျှောက်လွှာရောင်းချတင်သွင်းမည့်နေရာ -တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။

(ဂ) တင်ဒါပိတ်ရက်နှင့်အချိန် -(၁-၆-၂၀၂၂)ရက် ညနေ (၄:၀၀) နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၅၉-၂၃၄၉၅၊ ၀၉-၄၃၀၀၇၈၄၀၊ ၀၉-၇၈၈၈၅၅၅၂၀၊ ၀၉-၂၅၁၀၀၁၆၉၀၊ ၀၉-၄၂၅၃၁၇၂၄၂၊ ၀၉- ၄၂၉၈၇၁၄၁၈၊ ၀၉-၄၀၂၇၈၀၁၄၆ သို့ တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

### တင်ဒါဖွင့်လှစ်မည့်ရက်အား ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦ လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ (လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်)ကို အိတ်ဖွင့်တင်ဒါ (၁/၂၀၂၂-၂၀၂၃)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂-၅-၂၀၂၂) ရက်နေ့မှ (၁၂-၅-၂၀၂၂) ရက်အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - (၁၃-၅-၂၀၂၂)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀) နာရီ

၄။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်။

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်တွင် ဤကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၀၅၁၆၊ ၀၁-၃၆၄၀၁၉၂**

---

### ဦးကျော်ဝင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၈-က)(၅-လွှာ)တိုက်ခန်းအား တိုက်ခန်းပိုင်ရှင် ဦးဝင်းရွှေနှင့် ဒေါ်ခင်သန်းတို့မှ ဦးကျော်ဝင်း[၁၂/လမတ(နိုင်)၀၃၄၄၆၇]အား တစ်လလျှင် (၁၀၀၀၀၀ိ/-)နှုန်းဖြင့် (၃-၆-၂၀၂၁)ရက်မှစတင်၍ ငှားရမ်းခဲ့ပါသည်။ ငှားရမ်းနေစဉ်ကာလတွင် တိုက်ခန်းငှားရမ်းခများအား (၆)လတစ်ကြိမ် ပေးချေခိုင်းခြင်းမပြုဘဲ ကိုဗစ်ကာလ အကျပ်အတည်းများကို စာနာနားလည်သဖြင့် တစ်လတစ်ခါသာ တိုက်ခန်းငှားရမ်းခများကို ပေးချေခိုင်းခဲ့ပါသည်။ ယခုအခါတွင် ဦးကျော်ဝင်းအား(၁၇-၂-၂၀၂၂)ရက်မှစ၍ ဆက်သွယ်၍ မရပါသဖြင့် တိုက်ခန်းငှားရမ်းခ ကျန်ငွေများပြန်လည်ပေးချေရန်နှင့် ဦးကျော်ဝင်း၏ အသုံးအဆောင်ပစ္စည်းအချို့ကို (၁၃-၅-၂၀၂၂)ရက် နောက်ဆုံးထား၍ လာရောက်ယူဆောင်ပေးရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ဆက်သွယ်အကြောင်းကြားလာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းရွှေ၊ ဒေါ်ခင်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုနန္ဒာကျော်**
**အထက်တန်းရှေ့နေ(စဉ်-၄၀၇၂၂)**
**အမှတ်(၂၃)၊ နတ်ချောင်း(၂)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09-43144327**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၂၇၂၊ မြေကွက်တည်နေရာအမှတ်(၂၇၂)၊ ကြာဖြူလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးခင်မောင်စိုး (YNG-017009) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက် ဦးခင်မောင်စိုး(ဖခင်)နှင့် ဒေါ်သန်းသန်းအေး (မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးဖြစ်သော ဒေါ်အေးသဲစိုး [၁၂/စခန(နိုင်)၀၄၉၇၃၆]နှင့် ဦးကောင်းကျော်(ခ)ဦးကျော်ကိုကိုစိုး [၁၂/စခန(နိုင်)၀၄၉၇၃၇]တို့ (၂)ဦးအနက် ဒေါ်အေးသဲစိုး(ကိုယ်တိုင်)နှင့် ဦးကောင်းကျော်(ခ) ဦးကျော်ကိုကိုစိုး (ကိုယ်စား General Power -၂၁၅၆၀/၂၀၁၄)(၁၁-၈-၁၄)ရရှိသူ ဒေါ်အေးသဲစိုး)မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းထောက်ခံချက်၊ ဦးကောင်းကျော်သည် အိမ်ထောင်စုလူဦးရေစာရင်းပါ မောင်ကျော်ကိုကိုစိုးနှင့် လူပုဂ္ဂိုလ်တစ်ဦးတည်း အမည်နှစ်မျိုးဖြစ်နေသည်မှာ မှန်ကန်ကြောင်း စမ်းချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ထောက်ခံချက်၊ မိခင် ဒေါ်သန်းသန်းအေး၏ သေစာရင်းသွင်းမိတ္တူမှန်၊ ဖခင်ဦးခင်မောင်စိုး၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်အေးသဲစိုး [၁၂/စခန(နိုင်)၀၄၉၇၃၆] ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ဦးကောင်းကျော် [၁၂/စခန(နိုင်)၀၄၉၇၃၇]၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ GP မူရင်း၊ ဦးကောင်းကျော်(ခ)ဦးကျော်ကိုကိုစိုး သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်အေးသဲစိုး၏ ကျမ်းကျိန်လွှာ၊ သားသမီးအရင်းများအဖြစ် မိမိတို့မောင်နှမ(၂)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် ဦးကောင်းကျော်နှင့် ဦးကျော်ကိုကိုစိုး ဟူ၍ အမည်အားဖြင့် (၂)မျိုးပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာ မှန်ကန်ကြောင်း ဒေါ်အေးသဲစိုး၊ ဦးကောင်းကျော်(ခ) ဦးကျော်ကိုကိုစိုးတို့၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀) ဂရန်မူရင်းမှာ အထားအသို မှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဒေါ်အေးသဲစိုး+ ဦးကောင်းကျော် (ခ) ဦးကျော်ကိုကိုစိုးတို့၏ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### "အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးအတီး(ခ)ဆက်တီး(ခ)ဦးစိုးတင့် (ဘ) ဦးချီယုတ်သေ(ခ) ချီယီးချီ အသက်(၆၇) [၁၂/မဂတ(နိုင်)၀၇၄၇၅၀]သည် အကြီးတန်းအထွေထွေမန်နေဂျာ (မြန်မာနိုင်ငံသားများဘဏ်လီမိတက်) အားရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၃-၉-၂၀၁၈)ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၂၈၉/၁၈)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးအတီး(ခ)ဆက်တီး(ခ) ဦးစိုးတင့်မှ အကြီးတန်းအထွေထွေမန်နေဂျာ (မြန်မာနိုင်ငံသားများဘဏ်လီမိတက်) အားလွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာမှာ လုပ်ငန်းပြီးဆုံးဖြစ်၍ ဤကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းပါကြောင်း၊ ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မေသူအောင် (LL.B)** | **ဒေါ်တင်တင်ဌေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)** |
| **အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်(၆၂၇)၊စောခွန်ရစ်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၆၁၈၀၅၄၆။** |

---

### "အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကွင်းအမှတ်(၅၂၆-A)၊ အမှတ်-ရဲစုကွင်း၊ ဦးပိုင်အမှတ် ( က/၀၅ / ၄)၊ မြေအမျိုးအစား - လယ်/ဥယျာဉ်-R/G၊ (၅.၀၀) ဧကရှိ ဦးအောင်ပါ-၅ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် (၂.၀၀) ဧကအားဦးမြင့်ထွေး [၁၂/မဂတ(နိုင်)၁၁၅၅၄၂]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း အဆိုပြုလျက် ၎င်းပိုင်ဆိုင်သည့် (၂.၀၀) ဧကအနက်မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အကျယ်အဝန်း (အရှေ့အကျယ် ၄၃'xအနောက်အကျယ် ၉၇') (အနံ၉၈'x၁၀၂')ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မေသူအောင် (LL.B)** | **ဒေါ်တင်တင်ဌေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)** |
| **အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်(၆၂၇)၊ စောခွန်ရစ်လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၆၁၈၀၅၄၆။** |

---

### မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ဝါတိုးအရှေ့ရပ်နေ (အဖ) ဦးစိန်မောင်၏ သမီးဖြစ်သူ ဒေါ်ခင်ပပမြိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၁၉၆၇ ဖြစ်ပါသည်။

---

### ပျောက်ဆုံးကြောင်း

ဦးဝေလင်း[၇/ထတပ(နိုင်)၀၈၃၀၅၃]ကိုင်ဆောင်သာ (All In One) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-771627702**

---

### သွေးသည် အသက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး အစွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။**

**ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်နှစ်စီးအား မိုင်းထောင်ဖောက်ခွဲ၍ သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ သုံးဦး သေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၉

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်နှစ်စီးအား မိုင်းထောင်ဖောက်ခွဲ၍ သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ သုံးဦးသေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ယာဉ်မောင်း ဦးတေဇာအောင်(၃၈) နှစ် မောင်းနှင်လာသော ရန်ကုန်-မြိတ်-ထားဝယ် ပြေးဆွဲသည့် "ရတနာတိုး"ယာဉ်လိုင်းမှ ယာဉ်အမှတ် YGN-1Q/7611 ခရီးသည်တင် မှန်လုံယာဉ်သည် ရန်ကုန်မှ ထားဝယ်သို့ ထွက်ခွာလာစဉ် ပုလောမြို့နယ် သစ်လှတောကျေးရွာ အနီးအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ကာ သေနတ်များဖြင့် **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ✳



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တောင်ကိုရီးယားခြေစမ်းခရီးစဉ် ပထမဆုံးခြေစမ်းပွဲတွင် ရှုံးနိမ့်

နေပြည်တော် ဧပြီ ၂၉

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ဧပြီ ၂၉ ရက်က တောင်ကိုရီးယား ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ☆

## မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲကစား



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနှင့် Nonthaburi အသင်း ခြေစမ်းကစားစဉ်။

နေပြည်တော် ဧပြီ ၂၉

ဆီးဂိမ်းပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ယနေ့တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။

**ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းအမျိုးသမီးဖူဆယ်ကလပ် Nonthaburi အသင်းနှင့် ခြေစမ်းကစားရာ ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက်ပိုင်း ထိုင်းနိုင်ငံ၌ နေထိုင်လေ့ကျင့်နေပြီး မေလ ပထမပတ်အထိ ဆက်လက်လေ့ကျင့်သွားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

## မိုးညှင်းမြို့နယ်၌ အကြမ်းဖက်အဖွဲ့က ဒရုန်းယာဉ်ဖြင့် ဗုံးကိုချိတ်ဆွဲ၍ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ပစ်ချဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပြီး သံဃာတော်တစ်ပါး၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသား သုံးဦး ဒဏ်ရာရရှိ

စာမျက်နှာ » ၁၅